ပုံပြင်ကမ္ဘာ
ကလေးရုပ်စုံစာစောင်
- - - - - - - - - - - - ရဲ့စာအုပ်ပါ။
- - - - - - - - - - - - ဝယ်ပေးထားတာ။
ဆုပြည့်စုံထွန်းစာပေ
အမှတ် – ၅၀၈/၅၁၂ (၂ခ) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃
B
C

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ
မျိုးဇော်ထက် (ဖုန်း–၀၉၃၁၆၄၉၀၀၃)

အုပ်ချုပ်မှုအယ်ဒီတာ
ခင်မာရွှေ

အမှုဆောင်အယ်ဒီတာ
လင်းသက်ခိုင်

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ ဝေလင်း။

Cover သရုပ်ဖော်
ဝင်းမြင့်အောင်

Computer
မင်းထွဋ်၊ နေဇင်လတ်၊ ဝင်းဝင်းမာ၊ အိဖြူ၊ မီမီဇင်၊

Film - Eagle
layout - Quality

ပုံနှိပ်သူ – ဦးကျော်ယဉ်(ဇမ္ဗူမော်)
အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ် – တင်မေထွန်း

ကြော်ငြာတာဝန်ခံ
ခင်မာရွှေ
ဖြူဖြူသင်း။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉–၅၁–၂၂၅၃၀။

ထုတ်ဝေသူ – ဒေါ်ခင်မာရွှေ
ဆုပြည့်စုံထွန်းစာပေ၊ (၀၄၆၂၄)

အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၂၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် –၅၀၈/၅၁၂၊(၂ခ)ပထမထပ်၊ သရဖီကွန်ဒို။
(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)

ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်



JAS ဖုန်းစာအုပ်စင်ကဏ္ဍတွင် Download
လုပ်၍ဝယ်ယူဖတ်ရှုနိုင်ပါသည်။

http:/Quality.myanmaronlinesales.com
တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု
ဝယ်ယူနိုင်ပါသည်။

လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

အထက်မြန်မာပြည်ဖြန့်ချိရေး
နဂါးစာပေ — ဖုန်း –၀၂–၃၉၈၆၉
ထွန်းဦးစာပေ — ဖုန်း –၀၂–၃၉၈၀၁

ရှမ်းပြည်နယ်ဖြန့်ချိရေး
မီလျံနာစာပေ၊ ဂင်္ဂါနဒီစာပေ

တောင်ကြီးတွင် လပေးယူလိုသူများအတွက်
STUDENTS' CHOICE
မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊
ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။
ဖုန်း – ၀၈၁– ၂၀၁၄၇၃

မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်
ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။)

ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်

အမှတ် (၅၇)၊ မတ်လ ၊ ၂၀၁၅ ခုနှစ်။

ဉာဏ်ရည်ပြိုင်ပွဲ	သရုပ်ဖော် ဝိုင်းမော်	၅
အရင်လူတွေလိုပဲလား	သရုပ်ဖော် ကံကောင်း	၂၀
ရိုးရိုးလေးပဲ ပြောတော့မယ်	မင်းသက်ခိုင်(ဝက်လာ)	၂၄
ဝင့်မှာအမြဲ	ကာတွန်း သိက္ခာ	၂၇
ရွှေစော်နံ ပုံလိုက်ဦး	ရန်ကြီးအောင် (လှိုင်သာယာ)	၃၃
ထူးဆန်းသောအလုပ်	ပန်းချီ မျိုးညွှန့်ထွန်း	၃၇
မိတ်ဆွေစစ်	မင်းချစ်ဆွေ	၄၉
အများအကျိုးဆောင် ကိုယ့်အကျိုးအောင်	အရုပ်ဖော် မောင်ရဲသူ ရန်ကုန်တက္ကသိုလ်	၅၂
စိတ်မနေပြည့်ဝ မျက်နှာထားအလှ ဝင်းပပ	ဖီဖီ (ဆေးဝါးတက္ကသိုလ်)	၆၂
မိတ်ဆွေကောင်း	လင်းသက်ခိုင်	၆၅
ဘုရင်ကြီးနှင့် ငှက်ကလေးဟမ်ဆူကာ	ကာတွန်း အောင်စိုးမျှင့်	၆၈
အဘွားအိုကွန်	ဖိုးစွံ (အောင်ပင်လယ်)	၈၀
အောင်ဆန်း သို့မဟုတ် အရိုင်း	ပန်းချီ လှကြီးမင်း	၈၃

အယ်ဒီတာ့စကား

လွန်ခဲ့သော နှစ်ပေါင်းခုနှစ်ဆယ်က မတ်လ ၂၇ ရက်နေ့မှစ၍ မြန်မာနိုင်ငံကို ကျွန်ပြုနှိပ်စက်နေခဲ့ကြသည့် ဂျပန်တပ်မတော်ကြီးကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်ခဲ့ကြသည်။ ဂျပန်တို့သည် ယဉ်ကျေးမှု၊ အသိပညာမြင့်မားသော လူမျိုးများဖြစ်သည့်တိုင် ဖက်ဆစ်ဝါဒကို ကိုင်စွဲ၍ ကိုလိုနီနိုင်ငံများ သိမ်းပိုက်အုပ်ချုပ်လာကြသည့်အခါ လူရိုင်းများ ဖြစ်သွားကြသည်။ စစ်ရှုံးသွားသော ဂျပန်တို့က စစ်နိုင်နိုင်ငံ များသို့ စစ်လျော်ကြေးများပေးခဲ့ကြရသည်။ ယခုဧရာဝတီမြစ်အတွင်း ပြေးဆွဲနေသော ဧရာဝတီသင်္ဘောတို့မှာ ဂျပန်တို့ပေးသော စစ်လျော်ကြေးအစီအစဉ်ဖြင့် ရရှိခဲ့သော သင်္ဘောများဖြစ်သည်။

စစ်ရှုံးသွားသော ဂျပန်နိုင်ငံ၏ အုပ်ချုပ်ရေးကို အမေရိကန်ဗိုလ်ချုပ်ကြီးမက်အာသာက ဦးဆောင်ခဲ့သည်။ စစ်ကြောင့်လူမှုရေး၊ စီးပွားရေး အလုံးစုံပျက်စီးနေသော်လည်း စိတ်ဓာတ်ခိုင်မာပြီး စည်းကမ်းလိုက်နာစွာ အလုပ်ကောင်းကောင်းလုပ်ခဲ့ကြသော ဂျပန်တို့ကနှစ်၃၀အတွင်း ကမ္ဘာ့ထိပ်တန်းနိုင်ငံပြန်ဖြစ်လာခဲ့ကြသည်။

ဂျပန်နိုင်ငံမှ စစ်လျော်ကြေးများရ ယူခဲ့သော မြန်မာနိုင်ငံမှာ ယခုအချိန်တွင် ဂျပန်နိုင်ငံသို့ပေးဆပ်ရန် အကြွေးများ ရှိနေကာ ဂျပန်ထံမှ အကူအညီများစွာယူနေရပါသည်။ ကျွန်တော်တို့ နှစ်ခြောက်ဆယ်ကျော် မည်သို့သောအမှားများ ကျူးလွန်ခဲ့ကြပါသနည်း။ တစ်တိုင်းပြည်လုံး ကြွေးတင်နွံနစ်နေကြသည်မှာ အရွယ်ရောက်သူ နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါသည်။

လွန်ခဲ့သည့်နှစ် ၇၀ က ဂျပန်များကိုတွန်းလှန်ခဲ့ကြသည်။ ယခု ဆင်းရဲခြင်းကို တော်လှန်ကြရပါမည်။

ကျွန်တော်တို့၏ မျိုးဆက်သစ်ကလေးများအတွက် ဖြစ်ပါသည်။

အယ်ဒီတာ

ဉာဏ်ရည်ပြိုင်ပွဲ
သရုပ်ဖော် - စိုးမော်
တစ်ခါက အိန္ဒိယပြည်၌ 'အက္ကဘာ' ဘုရင်ကြီးတွင် ဉာဏ်ပညာအမြော်အမြင် ပြည့်စုံသော အမတ်ကြီး တစ်ဦးရှိလေသည်။ ဘုရင်က နှစ်သက်သဖြင့် အထူး ချီးမြှင့် မြှောက်စားတော်မူသည်။
ထို့ကြောင့် အခြားအမတ်များက မလိုမုန်းထား ဖြစ်လာကြပြီး အမတ်ကြီး ဘေးအန္တရာယ်ရောက်ရန် မကောင်းကြံကြလေသည်။
ထို့ကြောင့် ဆတ္တာသည်ထံသွား၍ သူတို့အကြံကို ပြောကာ အကူအညီ တောင်းကြလေသည်။


ပထမတွင် ဆတ္တာသည်သည် သူတို့အကြံကို ငြင်းဆန်လေ၏။ သို့သော် ဆတ္တာသည်အား ငွေ အပြောက်အကြွေး ပေးလိုက်သောအခါ ကူညီရန် သဘောတူလိုက်လေသည်။
ဘုရင့်ဆတ္တာသည်သည် ဘုရင်ကြီး၏ မိဘဘိုးဘွားများ လက်ထက်ကတည်းက နန်းတွင်း၌ အမှုထမ်းလာသူ ဖြစ်သည်။
နံနက်တိုင်း ဘုရင်၏ မုတ်ဆိတ်ကျင်စွယ်များကို ရိတ်ပေးရင်း သူပြောလိုသည်များကို အကြံပေး သည့်အနေဖြင့် ပြောခွင့်ရှိလေသည်။
ဆတ္တာသည်သည် မှူးမတ်များထံမှ ငွေများ ယူထားပြီးဖြစ်၍ ပညာရှိအမတ်ကြီး ဥက္ကာ ရောက်ရန် ကျွန်းချော့စကား ဆိုလေ၏။

ဆံတော်သည်သည် ဘုရင်ကြီးအား မိမိသည်ဘုရင်၏ ဖခင်ဘိုးဘွား လက်ထက်ကပင် အမှုထမ်းလာခဲ့ကြောင်း၊ ထိုသူများအနက် ဘုရင့် ဖခမည်းတော်၏ ဆံပင်သည် ဖိုးသားကဲ့သို့ ချူးချုံ့ပြီး အလွန်လှပကြောင်း ဘုရင့်ဘိုးတော်၏ ဆံပင်နှင့် မုတ်ဆိတ်များသည်လည်း ဖိုးသားကဲ့သို့ ချောမွတ်လှပကြောင်း မြှောက်ပင့်ပြောဆိုလေသည်။
ဖိုးသားလေးလိုပဲ..
အရှင်မင်းကြီး... ကျွန်တော်မျိုးတစ်ခု မေးပါရစေ..
ဆံတော်သည်က ဘုရင်အား ခွင့်တောင်း၏ ဘုရင်က ခွင့်ပြုလိုက်သောအခါ ဆက်၍..
အရှင်မင်းကြီးဟာ လူ့ပြည်မှာ စည်းစိမ်ချမ်းသာ ခံစားနေရတာ မှန်ပါတယ်၊ ဒါပေမဲ့ နတ်ရွာစံသွားကြပြီဖြစ်တဲ့ အရှင်မင်းကြီးရဲ့ ခမည်းတော်နဲ့ ဘိုးဘေးများ ကောင်းကင်ဘုံမှာ ဘယ်လိုနေရသလဲဆိုတာ မတွေးမိဘူးလား..


ဟဲ့ မောင်မင်း... လူ့ပြည်မှာနေတဲ့ လူတစ်ယောက်ကကောင်းကင် ဘုံက အဖြစ်အပျက်ကို ဘယ်လိုလုပ်သိနိုင်မှာလဲ..
သိနိုင်ပါတယ်အရှင်... သာမန်လူများထက် အတွေးအခေါ် အမြော်အမြင်နဲ့ ပြည့်စုံပြီး သာမန်လူများ မလုပ်နိုင်တဲ့ အလုပ်ကို လုပ်နိုင်တဲ့သူများကတော့ သိနိုင်ပါတယ်.
ဘယ်လို များတုန်းဟဲ့. ပြောပြစမ်းပါဦး.

မှန်လှပါ... ကောင်းကင်ဘုံကို သွားရောက်ပြီး သတင်းစကား ပြောကြားနိုင်တဲ့သူတစ်ဦးကို ကျွန်တော်မျိုး တွေ့ထားပါတယ်..
မင်းကြီးအလိုရှိတယ် ဆိုရင် သူကတစ်ဆင့် ကောင်းကင်ဘုံကို တမန်တစ်ဦး စေလွှတ်နိုင်ပါတယ်..
ဒီတမန်က အရှင်မင်းကြီးအတွက် သတင်းစကား ယူဆောင်လာပါ လိမ့်မယ်..
ဘုရင်ကြီးလည်း သဘောကျကာ ဆတ္တာသည်အား လိုအပ်သည် များကို စီစဉ်ရန် အမိန့်ပေးလိုက်သည်။


ရက်အနည်းငယ်ကြာသော် ဆတ္တာသည် ဘုရင့်ထံ
ပြန်လာကာ မိမိပြောသော အစီအစဉ်အတိုင်းဖြစ်
ပါကြောင်း၊ သို့သော် မည်သူ့အား ရွေးချယ်ရမည်
မသိကြောင်း ပြောလေသည်။
ထိုအခါ ဘုရင်ကြီးသည် အတန်ကြာ စဉ်းစားပြီးနောက်
တမန်အဖြစ် ရွေးချယ်ရမည့်သူမှာ မိမိယုံကြည်ရသော
မှူးမတ်များထဲမှ တစ်ဦးဦး ဖြစ်သင့်ကြောင်း ပြောသည်။
ကျွန်ုပ် ဆတ္တာသည်က ဘုရင်ကြီးအား...
အရှင်မင်းကြီး၏ ပညာရှိအမတ်ကြီး သည် ဉာဏ်ပညာထက်မြက်သူ ဖြစ်ပါသည်၊ ထို့ကြောင့် အမတ်ကြီး အား ရွေးချယ်သင့်ပါသည်။


ဘုရင်ကြီးက လက်ခံလိုက်သောအခါ ဆတ္တာသည်က
သူ၏အကြံအား ရှင်းပြလေသည်။
ကျွန်းပြင်မှာ ကုလားထိုင် တစ်လုံးချထားမယ်.. အဲဒီ ထိုင်ခုံမှာ အမတ်ကြီးကို ထိုင်ခိုင်း၊ ပြီးတော့ ထိုင်ခုံကို မီးရှို့လိုက်ရင် အမတ်ကြီးဟာ ကောင်းကင်ဘုံကို ရောက်သွားလိမ့်မယ်..
ကောင်းကင်ဘုံက ဆွေမျိုးစာရင်း များကိုဆောင်ရွက်ပြီး.. လူ့ပြည်ကို ပြန်လာပါလိမ့်မယ်..
ဘုရင်ကလည်း ရိုးအသူဖြစ်သည့်အတိုင်း ဆတ္တာသည်ရဲ့အကြံကို လက်ခံလိုက်သည်။ ...

ဘုရင်လည်း အမတ်ကြီးကို ဒေါ်ဂျ်အကြောင်းစုံပြောသည်။
အမတ်ကြီးကလည်း မဖြစ်နိုင်ကြောင်း ငြင်းဆန်သည်။
ကောင်းကင်ဘုံကို ရောက်သွားတဲ့ သူဟာ ပြန်လာသည်ဟူ၍ မကြားဖူးပါ။ ဒီဆတ္တာသည်သည် ဉာဏ်နည်းသည့် အတွက် ဘယ်လို သိနိုင်ပါမည်နည်း-
အသင် ဆတ္တာသည်.. သင်ကိုယ်တိုင် ဘာလို့ မသွားသလဲ..
အမတ်ကြီး.. ဆတ္တာသည်တစ်ယောက်ကို တမန် အဖြစ် စေလွှတ်ရန် မသင့်တော်ဘူး ငါ့မိဘ ဘိုးဘွားတွေက မာနကြီးတော့ သူ့ကို နှစ်သက်မှာ မဟုတ်ဘူး ဒါ့ကြောင့် သင်ပဲ သွားသင့်တယ်...
အမတ်ကြီးလည်း သူ့ကို မကောင်းကြံသည်ကို သိသော်လည်း ငြင်းဆန်မရသည့်အတွက် လက်ခံလိုက်ရလေတော့သည်။


လက်ဖွဲ့ခံမိ အရူက ဘုရင် မင်းမြတ်ထံမှ အချက်နှစ်ချက်ကို တောင်းဆိုသည်။ ပထမအချက်မှာ သူရှိသည့်အချိန်အတွင်း သူ့မိသားစုအား ငွေကြေးမှအစ လိုအပ်သည်များကို ထောက်ပံ့ရန်။
ဒုတိယအချက်မှာ ကောင်းကင်ဘုံသို့ မထွက်ခွာမီ သူ့အား ပြင်ဆင်ချိန် နှစ်လ ပေးရန်ဖြစ်သည်။ ဘုရင်းကလည်း သဘောတူလေသည်။
အမတ်ကြီးသည် ရရှိသောအချိန် နှစ်လအတွင်း အလုပ်သမား အချို့ကို တိတ်တဆိတ် ငှားသည်။ သူ့ခြံ ရှေ့ အိမ်ခံဆိပ်မှ သူ့အား မီးသင်္ဂြိုဟ်မည့် ကုလားထိုင် ရှိရာ ကျွင်းဖြင့်အထိ ရောက်အောင် မြေအောက် ဥမင်လိုဏ်ခေါင်း တူးစေသည်။ ဥမင်လိုဏ်ခေါင်း ရှိ လမ်းတစ်ခုစီ၏ အဆုံး၌ တံခါးငယ်တစ်ခုစီကို တပ်ဆင်စေသည်။ ထိုဥမင်လိုဏ်ခေါင်း အကြောင်းကို အမတ်ကြီး၏ မိသားစုနှင့် အလုပ်သမားများမှလွဲ၍ မည်သူမျှမသိအောင် အထူးလျှို့ဝှက်ထားသည်။


ဤသို့ဖြင့် ချိန်းဆိုထားသော နေ့သို့ ရောက်လာခဲ့လေသည်။ အမတ်ကြီးကို လူအုပ်ကြီး၏ရှေ့မှ ထားကာ မီးရှို့ရန်နေရာသို့ ခေါ်လာခဲ့လေသည်။
ဘုရင်မင်းမြတ်နှင့်တကွ မှူးမတ်များပါ ရောက်ရှိနေကြသည်။ ထို့နောက် အမတ်ကြီးအား သတ်မှတ်ထားသော ကုလားထိုင်ပေါ်တွင် ထိုင်စေပြီးနောက် ထင်းများ ဝိုင်းဝန်း စုပုံလိုက်သည်။
ထို့နောက် ထင်းများကို စတင်၍ မီးရှို့လိုက်သည်။

အမတ်ကြီးသည် သူ့ကိုယ်ပေါ်သို့
ထင်းများအုပ်လိုက်သည်နှင့်
ကုလားထိုင်ပေါ်မှလျှောဆင်းပြီး
သူ့ဖောက်လုပ်ထားသော ဥမင်ထဲသို့
ဝင်ကာ လျှို့ဝှက်လမ်းအတိုင်းအိမ်သို့
ပြန်လာခဲ့လေသည်။
ထို့နောက် အဝတ်ဟောင်းများကိုဝတ်၍ သူဆင်းရဲ
အသွင်ဆောင်ကာ လူအုပ်ကြီးအတွင်းသို့ဝင်
လာခဲ့သည်။ ထိုအုပ်ကြီးထဲမှလူအများ၏
ပြောဆိုသံများကိုကြားရသောအခါ၊ သူ့အား
မကောင်းကြံသောမှူးမတ်နှင့် ဓာတ္တာသည်တို့
အကြောင်းကို သိရလေတော့သည်။
မီးအားလုံးငြိမ်းသွားသောအခါလူများက
အမတ်ကြီးအား တကယ်ပင်ကောင်းကင်ဘုံသို့
ရောက်သွားပြီဟုထင်နေကြသည်။
အမတ်ကြီးအား မကောင်းကြံသူများလည်း
အမတ်ကြီးသေပြီထင်ကာဝမ်းသာနေကြ၏။
အမတ်ကြီးလည်း အိမ်သို့ပြန်လာခဲ့လေတော့သည်။

အိမ်ပြန်ရောက်၍သုံးပတ်မျှ ပုန်းအောင်းနေပြီး စောင့်ဆိုင်းနေသည်။ ထို့နောက် မုတ်ဆိတ်မွေး အတုတစ်ခုကို တပ်ဆင်၍ အဝတ်သစ်များ ဝတ်ဆင်ကာ နန်းတော်သို့သွားလေသည်။
ဘုရင်ကြီးသည် သူ့အား ရုတ်တရက် မမှတ်မိပေ၊ နောက်မှ အာဆော်ကြီးမှန်း သိလေသည်။
အာဆော်ကြီး... သင်ဘယ်တုန်းကပြန် ရောက်သလဲ၊ ကျွန်ုပ်ရဲ့ ဘိုးဘွား မိဘတွေရော နေကောင်းကြရဲ့ လား၊ ကျွန်ုပ်ကိုရော သတိရ ကြရဲ့လား...
အားလုံး နေကောင်းပါတယ်. အရှင်မင်းကြီးရဲ့ ဂုဏ်သတင်း ကျော်ကြား မှုကိုလည်း ဂုဏ်ယူနေကြတယ်၊ သူတို့မှာ အရာတစ်ခုကျခဲ့ပြီး၊ အစားအသောက်၊ အနေထိုင်၊ အဝတ်အထည်ကစလို့ အားလုံး ပြည့်စုံကြပါတယ်..

အမတ်ကြီး.... အဲဒီအရာဆိုတာက ဘာလဲ..
ဘာမှမဟုတ်ပါဘူး သိပ်လည်းအရေးမကြီးပါဘူး..
သို့သော်ဘုရင်ကြီးကမရမကမေးသည့်အတွက်..
တခြားတော့မဟုတ်ပါ.. ကောင်းကင်ဘုံတွင် ဆတ္တာသည် လုံးဝမရှိပါ၊ အဲဒီအတွက်ကြောင့် အရှင်ခမည်းတော်နဲ့ဘိုးတော်တွေဟာ ဆံပင်တွေ၊ မုတ်ဆိတ်တွေအရှည်နဲ့ ရှည်နေပါတယ်၊

တချို့ဆိုရင် အဲဒီ မှတ်ဆိတ်မွေး တွေကိုတကကနိုင်းလို့ ချော်လာကြ ပါတယ်။
တချို့ကလည်း မှတ်ဆိတ်ကို ကိုယ်တိုင် ရိတ်ဖို့ ကြိုးစားကြပါတယ်၊ ဒါပေမယ့် လူ့ပြည်မှာတုန်းက ကိုယ်တိုင်ရိတ်ခဲ့တာ မဟုတ်တော့ ဓားရှတာသာ အဖတ်တင် ပါတယ်..
ဒါဆို ဆတ္တာသည် တစ်ယောက်ကို အမြန် ပို့ရမယ်...
ဟုတ်ပါတယ် ဆတ္တာသည်ကို ပို့သင့်ပါတယ်. ဒါ့အပြင် သွားရမယ့်လမ်းက ခက်ခဲတဲ့အတွက် ပါးနပ်လိမ္မာတဲ့ မှူးမတ်တစ်ဦးပါ ထည့်ပေးမှ ဖြစ်မယ်..
ဟုဆိုကာ သူ့အား မကောင်းကြံသူ အမတ်အာခညကို ပြောလိုက်၏။

ထိုသူ နှစ်ဦးက အတင်းငြင်းဆန်သောကြောင့်
အမတ်ကြီးအား ဖမ်းဆီးရန် ပြောသည်။
သို့သော် နောက်ဆုံးတွင် အမတ်ကြီးက သူတို့၏ မကောင်းသည့် အကြံအစည်များကို ဖော်ထုတ်လိုက်သည့်အတွက် သူတို့သာလျှင် ဖမ်းဆီးအပြစ်ပေးခံရလေသည်။
ဉာဏ်ပညာဖြင့်ပြည့်စုံသော အမတ်ကြီးကား
အသက်ဘေးမှ လွတ်မြောက်သွားလေတော့သည်။
2015

ဘာရင်ဂျီတွေလိုပဲလား

ဇာတ်လမ်း/မောင်ဘို၊တောင်တွင်းကြီး၊ သရုပ်ဖော်/ဂံကောင်း



တစ်နေ့တွင် ပုဂံကုန်းရွာမှ ဦးဖြိုးမောင် ခေါင်းဆောင်သောလှည်း အဖွဲ့ အခြားရွာမှ လှည်းအဖွဲ့တို့ ထိပ်တိုက်တိုးကြ၏။

ထိုစဉ် ဦးဖြိုးမောင်က...
ဟေ့ကောင်တွေ
မင်းတို့ လှည်းအဖွဲ့ ရှောင်ရင်ရှောင်
မရှောင်ရင် အရင်လူတွေလို လုပ်ကြိုက်
ရမလား .
ဟူ..လေသံမာမာနှင့် မေးလိုက်ရာ...
တစ်ဖက် လှည်းအဖွဲ့က ဖြနိသွားပြီး
ဟိုက်..
တကယ်လုပ်မယ့်
ပုံပဲ ...
လေသံ ပျော့ပျော့ ဖြင့်...
ဟုတ်..ဟုတ်ကဲ့
ရှောင်ပေးပါ့မယ်ဆရာ
ပြောပြီး ခက်ခက်ခဲခဲ ရှောင်ပေးကြလေသည်။

လှည်းအဖွဲ့ ချင်းတေး သွားမှ နောက်လှည်းမှ တစ်ယောက်က...
နေပါဦးဗျ ကိုဖြိုးမောင်ရ၊ အရင်လူတွေကို ဘာပေါ်လို့လည်း လိုက်တာလဲဗျ ...
ထိုလူ၏ အမေးကို ဦးဖြိုးမောင် ဖြေလိုက်ရာ လှည်းတစ်ဖွဲ့လုံး ပွဲကျသွားလေ၏။ ဦးဖြိုးမောင်၏ အဖြေကား ...
အရင်လူတွေလို လုပ်လိုက်ရမလားဆိုတာက သူတို့က မချောင်ရင် ကိုယ်ကပဲ ချောင်ပေးမယ် လို့ ပြောခဲ့တာကွ ...
ဟူသတည်း။

ရိုးရိုးလေးပဲ ပြောတော့မယ်

မှင်းသက်ခိုင်(ဝက်လာ)

မောင်စိန်ဝင်းသည် မြိုင်သာယာရွာ အလယ်တန်းကျောင်းမှ ဒုတိယတန်းကျောင်းသားကလေး ဖြစ်သည်။ သူ၏မိဘများဖြစ်ကြသော ဦးစုန်းငါးနှင့် ဒေါ်ချစ်တို့သည် မြိုင်သာယာရွာလယ်၌ ကုန်စုံဆိုင်ကြီးဖွင့်ထားသည့် ချမ်းသာကြွယ်ဝသူများ ဖြစ်ကြသည်။ စိတ်သဘောထားကောင်းပြီး အပြောအဆိုချိုသာ၊ အလှူအတန်းလည်းရက်ရောသဖြင့် လူချစ်လူခင်ပေါ်များလှသည်။

အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး စောရောလေ အမှူးပြုသော ဆရာ၊ ဆရာမနှင့်လည်း အကျွမ်းတဝင်ရှိသည်။ မောင်စိန်ဝင်း၏ အထက် အစ်ကိုနှစ်ဦးနှင့် အစ်မ တစ်ဦးတို့မှာ မြိုင်သာယာအလယ်တန်း ကျောင်းထွက်များဖြစ်ကြသည်။ ယခုလက်ရှိ မောင်စိန်ဝင်း၏ အစ်မအငယ်ဆုံးမှာလည်းစတုတ္ထတန်း၌ပညာသင်ကြားလျှက်ရှိသည်။ မောင်နှမအားလုံး စာတော်သူများ အေးဆေးသိမ်မွေ့သူများဖြစ်ကြ၍လည်း လူချစ်လူခင်ပေါသည်။ ဤကဲ့သို့သော ဘဝအခြေအနေတွင်မောင်စိန်ဝင်းအဖို့အရာရာသည်ပန်းခင်းလမ်းသာတည်း။ ပညာသင်ကြားရေး၊ ငွေရေး ကြေးရေး ကအစဘာတစ်ခုမျှ ပူပင်စရာမရှိ၊ သို့သော် ယခုတလော မောင်စိန်ဝင်းစိတ်ညစ်နေသည်။

အစ်မငယ်၏ သူငယ်ချင်း စတုတ္ထတန်း ကျောင်းသားကြီးများဖြစ်သော ကိုသန်းထွန်းနှင့်

ကိုမြမောင်က မောင်စိန်ဝင်းကို ချစ်ခင်သည်။ သူတို့သရေကွင်းပစ်၍ နိုင်တိုင်း သရေကွင်း ငါးဆယ်၊ တစ်ရာ မောင်စိန်ဝင်းအားပေး၏။ ကစားရာ၌ အလောင်းအစား ငွေကြေးပါလာ၍ နိုင်လျှင်လည်း မုန့်ဝယ်ကျွေးတတ်သည်။ သကြားလုံး၊ ချိုချဉ်စသည့်တို့ကို မကြာခဏပေးသည်။ သို့သော် သူ့အား အလိုလိုက်ချစ်ခင်ကြသော သူတို့ကြောင့်ပင် မောင်စိန်ဝင်း စိတ်ညစ်နေခြင်းဖြစ်သည်။

သူတို့နှစ်ဦးက မောင်စိန်ဝင်းအား "တရုတ်ကလေး၊ ချန်ကေရှိတ်၊ မော်စီတုံး" စသဖြင့် ချစ်စနိုး ခေါ်ကြသည်။ ချန်ကေရှိတ်နှင့် မော်စီတုန်းတို့သည် တရုတ်နိုင်ငံက ခေါင်းဆောင်များဟု အကြမ်းဖျင်း သိတာကလွဲ၍ ပို၍မောင်စိန်ဝင်းမသိ။ နောက်တစ်ခါ တစ်ခါ "ဝက်သားစားတဲ့ တရုတ်" ဟု လည်းကောင်း၊ မကြာမကြာလည်း "သူတို့အိမ်က ဝက်သားသိပ်စားတာ၊ ဝက်သားတုံးကြီးတွေ ဘီးဆံပတ်တုံးလောက်ကြီး၊ အဆီကိုရွှဲနေတာ၊ ဒါကြောင့်မို့ သူတို့ အသားတွေ ဖွေးဥပြီးပွနေတာ" ဟု လည်းကောင်း စတတ်နောက်တတ်သည်။

ဘာ့ကြောင့်မှန်းတော့ မသိ။ မောင်စိန်ဝင်းက "တရုတ်"ဟု အခေါ်မခံချင်။ ဘယ်လိုကန့်ကွက်တားဆီးရမှန်းလည်းမသိ။ "တရုတ်မဟုတ်ပါ" ဟု ပြောရအောင် အမေဒေါ်ချစ်က ဗမာလူမျိုးဖြစ်သော်လည်း အဖေဦးစုန်းငါးက တရုတ်ကြီး။ မိမိတို့မိသားစုအား လိုလေသေးမရှိအောင် ရှာဖွေကျွေးမွေး၊ အလိုလိုက်ချစ်ခင်သော ဖခင်ကို ချစ်သော်လည်း မောင်စိန်ဝင်း တရုတ်တော့မဖြစ်ချင်၊ ဒါကြောင့် စိတ်ညစ်နေရခြင်းဖြစ်သည်။

ဒီနေ့လည်း သူတို့နှင့် မတွေ့ရ၍ အနောက်အပြောင်မခံရသဖြင့် စိတ်ချမ်းသာသလိုရှိနေဆဲ ညနေကျောင်းအဆင်း၌ ကိုသန်းထွန်းက "ဝက်သားစားတဲ့ တရုတ်ကလေး၊ ဝက်သားတွေသိပ်မစားနဲ့ဦး အီးဆိမ့်နေဦးမယ်" ဟု စဖြစ်အောင်စသွားသေးသည်။ အိမ်ပြန်ရောက်သည် အထိမလန်းတော့။ သူတို့ကိုဘယ်လိုတုန့်ပြန်ရမလဲ၊ စဉ်းစားသည်။ အဖြေကပေါ်မလာ။

ညနေမိသားစုထမင်းဝိုင်းကျတော့လည်း သူအလွန်ကြိုက်သော ဒညင်းသီးပြုတ်တို့စရာပါလာပေမယ့် စားချင်စိတ်မရှိ၊ စားပွဲပေါ်၌ ဝက်သား၊ ကြက်သား၊ ကန်စွန်းရွက်ကြော်၊ ဒညင်းသီးပြုတ်၊ အမေ့လက်ရာ စပယ်ရှယ် ငါးပိကို ငါးနိုင်နိုင်ထွင် ခပ်ထားပြီး ငရုတ်သီးလှော်ထောင်းမှုန့်ဖြူးလို့၊ သူမယ်မယ်ရရ မစားဖြစ်ပဲ ထမင်းဝိုင်းထဲမှ မိသားစုများစားနေသည်ကို လိုက်ကြည့်နေမိသည်။

အဖေဦးစုန်းငါးက ထမင်းကို ကြွေပန်းကန်လုံးလေးထဲ ထည့်၍တူနှစ်ချောင်းနှင့်စားသည်။ သူစားသည်က ဝက်သား၊ ကြက်သား၊ ကန်စွန်းရွက်ကြော် ငါးပိကို ယောင်လို့တောင်လှည့်မကြည့်။ အမေနှင့် ကျန်မိသားစုက ဒညင်းသီးပြုတ်၊ငါးပိရေနှင့်ထမင်း မြိန်နေကြသည်။ သည်မြင်ကွင်းကြောင့် မောင်စိန်ဝင်း စိတ်ထဲ၌ အကြံတစ်ခုပေါ်လာသည်။ ဖခင်တရုတ်မဟုတ်၊မနက်ဖြန်တော့ကိုသန်းထွန်းတို့ကို ပြန်လည်တုံ့ပြန်ရန် လက်နက်ရပြီ၊ ထမင်းစားရင်း ပျော်လာမိသည်။

နောက်တနေ့ ကျောင်းရောက်တော့ ကိုသန်းထွန်းတို့ကို မျှော်မိသည်။ ကျောင်းတက်ခေါင်းလောင်းထိုးသည် အထိ ပေါ်မလာကြ။ " ဒီနေ့ ကျောင်းမတက်တာများလား" ဟု စိတ်ပျက်မိ

သည်။ နေ့လယ် မုန့်စားကျောင်းဆင်းတော့ ကျောင်းဝရန်တာ၌ဆုံသည်။ ထုံးစံအတိုင်းပါပဲ။ "ဝက်သားစားတဲ့ တရုတ်ကလေး" ဟု ကိုသန်းထွန်းက ပြုံးဖြဲဖြဲနှင့်လှမ်းခေါ်သည်။ ဒီတခါဘယ်ရလိမ့်မလဲ။ လက်နက်အဆင်သင့်နဲ့လေ။ "ငါးပိချက်လည်းစားပါတယ်ဗျာ" ဟု အော်လိုက်သည်။ ကိုသန်းထွန်း မျက်နှာရှုံ့သွား၍ ပျော်မိသည်။ ကဲ ဘာတတ်နိုင်သေးလဲ။ တရုတ်လို့ ခေါ်နိုင်သေးရဲ့လား။

သို့သော် မောင်စိန်ဝင်း၏ အောင်ပွဲသည်ရေရှည်မခံ။ ညနေကျောင်းဆင်းတော့ ကိုသန်းထွန်းက နှုတ်ဆက်သည်။ "ငါးပိချက်စားတဲ့ တရုတ်ကလေးရေ၊ကောင်းကောင်းပြန်ဟေ့"တဲ့သွားပြီ။ဝက်သားစားတာ၊ ငါးပိချက်စားတာသည် သူ့အတွက်အရေးကြီးသည်။ သူစိတ်ညစ်ရပြန်ပြီ။ ဒီလူတွေကို ဘယ်တော့ ဘယ်လိုနည်းနဲ့ ပြန်အောင်ပွဲခံနိုင်မှာလဲ။

ညနေထမင်းစားပြီးတော့ စိတ်ပျက်ပျက်နဲ့ သူ့ပထမတန်းတုန်းက အတန်းပိုင်ဆရာလည်းဖြစ်၊ အကိုအကြီးဆုံး၏ သူငယ်ချင်းလည်းဖြစ်သူ ဆရာဦးကျော်ရှိန်တို့အိမ်သို့ ထွက်ခဲ့သည်။ "ငါ့တပည့် ဘာဖြစ်လာတာလဲ၊ မျက်နှာလည်း မကောင်းပါလား"ဟု ဆရာကနှုတ်ဆက်သည်။ အဖြစ်စုံပြောပြတော့ ဆရာကရယ်သည်။

"ဒါများ ဘာစိတ်ညစ်စရာလဲ တပည့်ရာ။ သူတို့၊ သူတို့က မင်းကိုချစ်လို့စတာ။ ပြီးတော့ တရုတ်ကလေးဆိုတာ ဖြူဖြူဖွေးဖွေးလှလှကောင်လေးလို့ ဆိုလိုတာပဲ။ ငါတို့ဆို အသားဖြူ ချင်တာတောင် မဖြူလို့ အသားဖြူတဲ့တရုတ်မကို မရ ရအောင်ယူထားရတာ မင်းအမြင်ပဲ"

ဆရာဦးကျော်ရှိန်၏ဇနီးမှာ တရုတ်မဖြစ်သည် "မင်းက ဘာဖြစ်လို့ တရုတ်ကလေးအခေါ်မခံချင်တာလဲငါတော့မစဉ်းစားတတ်ဘူး။ ဒါပေမဲ့ မင်းအကြောင်းနဲ့မင်း၊ အခေါ်မခံချင်ရင် အခေါ်မခံရအောင်ကြိုးစားရုံပေါ့။ မင်းအဖေက တရုတ်ဆိုပေမယ့် မင်းအမေက ဗမာပဲ မင်းဘာလူမျိုးဖြစ်ချင်ချင်ဖြစ်လို့ရတာပဲ။ အဲဒါ မင်းကရိုးရိုးလေး ကျွန်တော်တရုတ်မဟုတ်ဘူး တရုတ်လို့မခေါ်ပါနဲ့ဆိုရင် သူတို့က မင်းကိုချစ်တဲ့ သူတွေမို့ မင်းမကြိုက်မှန်းသိရင် ခေါ်မှာမဟုတ်တော့ပါဘူး။ မင်းက ဒဲ့ဒိုးမပြောချင်တာနဲ့ လှည့်ပတ်ပြီး ငါးပိလည်းစားတယ်။ ဆိုတော့ ပိုဆိုးပြီး ဝက်သားစားတဲ့ တရုတ်ကနေ ငါးပိချက်စားတဲ့ တရုတ်ဖြစ်သွားရတာပေါ့။ အဲဒီတော့ ငါ့တပည့်၊ လောကမှာ ကိုယ်ဖြစ်ချင်တာ၊ ကိုယ်ဆန္ဒရှိတာကို မလှည့်မပတ် မသွယ်မဝိုက်ပဲ ရိုးရိုးသားသား ရှင်းရှင်းလင်းလင်း လေးလုပ်တာ ကိုင်တာ ပြောဆိုတာ အကောင်းဆုံးပါပဲကွာ၊ မင်းမယုံကြည်ရင် မနက်ဖြန် စမ်းပြောကြည့်" သေချာအောင်မြင်စေရမယ်။

ဆရာဦးကျော်ရှိန် အိမ်မှ အပြန်၌ မောင်စိန်ဝင်းသည် မြူးပျော်လျှက်နောက်နောင် မိမိလိုအင်ဆန္ဒရှိသမျှကို မည်သူနှင့်ဖြစ်စေ ရိုးရိုးစင်းစင်းသာ ပြောဆိုဆက်တော့မည်ဟုလည်း ဆုံးဖြတ်မိသည်။ အပြန်လမ်း၌ ပန်းရနံ့တွေ သင်းနေသလို ဝင်လုဆဲနေမင်းကြီးကလည်း သူ့ကိုပြုံးပြအားပေးနေသည်ဟု ခံစားမိသည်။

မင်းသက်ခိုင်(ဝက်လာ)


ကာတွန်း

တစ်ခါကရွာတစ်ရွာမှာ နွားသတ်သမားတစ်ယောက်ရှိတယ်
ဒီနေ့မင်းအလှည့်
ဒီကောင်ကြီးသတ်ပြီးမှ ပေါင်သားကောင်းကောင်း ချက်ရမယ်
သူဟာ နွားသတ်လိုက်၊ သောက်စားလိုက်နဲ့ ပျော်ပါးနေတော့တာပေါ့..
ဒီနေ့တော့ငါပဲသောက် တော့မယ်ကွာ

သူဟာ တစ်နေ့ကို အမဲသားဟင်း မပါဘဲထမင်းမစားဘူးတဲ့ . . . .

ခင်း..ဒီလိုပဲနေတော့ မှာလားကွာ
ဟ.. ငါဒီလို မနေလို့ ဘယ်လို နေရမှာလဲ... ခေလှိုင်ရ
တစ်နေ့တစ်နေ့ သွားသောက်နေတာ
သတ္တဝါဆိုတာ ရှုချက်ဖြကြရတာ

တစ်နေ့မှာ...
ဟာ.. ငါချက်စားမယ့် အမဲသားကို ခွေးချီပြေးပြီ
ဒီအချိန်ဘယ်မှာမှ အမဲသားရနိုင်တော့ဘူး ငါကလည်းအမဲသားမပါရင် မစားတတ်ဘူး..ဒီတော့
ခြံယာရေခြံထဲကိုဆင်းပြီး နွားတစ်ကောင်ရဲ့လျှာကို အတင်းဆွဲဖြတ်လိုက်တယ်...
ပြီးတော့ချက်ပြုတ်စားလိုက်တယ်ဆိုရင်ပဲ...
ဝုန်း ဒုန်း
သူ့လျှာအပူလောင်ပြီးအရင်းကပြတ်ကျသွားတော့တယ်

နောက်ဆုံးမှာတော့ သျှာမရှိတော့တဲ့ မြို့သစ်မှာစကားပြောတဲ့အခါ
ဝါးဝါး ရူးရူး ဖြစ်နေလို့ သူပြောတာကို နားမလည်ကြတော့ဘူးပေါ့. . . .

ရွှေစော်နံ ပျံလိုက်ဦး

ဦးဦးရွှန်းကြီးအောင် (လှိုင်သာယာ)

သားတို့ သမီးတို့ရေ . . .

ဟိုရှေးရှေးတုန်းကပေါ့...မုံရွာမြို့နဲ့မနီးမဝေးမှာ ရွာကလေး တစ်ရွာရှိသတဲ့ကွယ်။ ရွာလေး ရဲ့ အမည်ကတော့ ထူးထူးဆန်းဆန်းလေးပဲကွယ်။ ဘာတဲ့ “ရွှေစော်နံ” လို့အမည်ပေးထားသတဲ့။ဟိုအရင်တုန်းကတော့ ဒီရွာကလေးဟာ နံ့သာကုန်းရွာဆိုပြီး မှည့်ထားတာ ခုတော့ တစ်ရွာလုံးက သဘောတူပြီး နာမည်နှစ်မျိုးနဲ့ပေါ်ကွယ်။ နံ့သာကုန်းဆိုတာ လူသိများသလို ရွှေစော်နံဆိုတာလည်း မသိသူ မရှိသလောက်ပဲကွယ်။

ရွှေစော်နံဆိုတဲ့ အမည်နာမလေးရဲ့မြစ်ဖျား ခံရာ ဇာတ်အစက ဒီလိုကွယ့်။

နံ့သာကုန်းဆိုတဲ့ ရွာကလေးရဲ့တစ်ရွာလုံးနီးပါးဟာ လယ်ယာ၊ ကိုင်း၊ ကျွန်းလုပ်ကိုင်စားသောက်ကြပေမယ့် လူနဲစုကတော့ သနပ်ခါးတို့ ဆေးပင်ဆေးမြစ် သစ်ဥသစ်ဖုတို့ကို တူးဖော် ခုတ်ထွင် ရောင်းချကြသတဲ့ကွယ်။

အဲဒီထဲမှာမှ မောင်မွန်လှဆိုတဲ့ ကောင်လေးကတော့ ထူးခွန်ထက်မြက်လို့ မိခင်မုဆိုးမကြီးနဲ့ အတူနေထိုင် လုပ်ကိုင်စားသောက် ကြသတဲ့။ မိခင်ကို ဂရုစိုက်ပြီး တရိုတသေပြုစုယုယတာကြောင့် တစ်ရွာလုံးက သူ့ကို ချစ်ကြတယ်။

ရုပ်ရည်ကလည်းမြို့ကြီးသားရုပ်ပေါက်တာကြောင့် ချစ်စနိုးနဲ့ငရွှေလို့ခေါ်ကြတယ်။ ရွှေဆိုတာ တန်ဖိုးရှိတယ်လေ။ သူကလည်း တောထဲသွား ပြီဆိုရင် ဘာသာရေးလိုက်စားပြီး ဆိုင်ရာပိုင်ရာ နတ်တွေကို တောင်းပန် ကန်တော့ပြီးမှ တောထဲ ဝင်လေ့ရှိသတဲ့ကွယ်။ ဒါကလည်း သူရဲ့ ထူးခြားချက် တစ်ခုပေါ့ . . . အဲဒီလိုထူးခြားတာကြောင့် သူက သူများထက်သာပြီး သနပ်ခါးသစ်မြစ်ဆေးမြစ်တို့ကအစ အကောင်းဆုံး အသန့်ဆုံး ပစ္စည်းတွေကို ရရှိသတဲ့။ ဒါပေမဲ့ သူနဲ့ အတူတူတောထဲသွား လာတဲ့သူတွေက သူ့ကို မနာလိုမဖြစ်ကြဘူးတဲ့။ ချစ်ချစ်ခင်ခင် နေထိုင်သွားလာကြသလို မောင်မွန်လှကလေးလည်းရသမျှထဲက ပိုရင်ပိုသလို ခွဲဝေပေးလေ့ရှိသတဲ့။ ဒီလိုနဲ့ တစ်နေ့တော့ မောင်မွန်လှလေး တောထဲဝင်သွားရင်းနဲ့ တောနက်ထဲ ရောက်သွားသတဲ့ကွယ်။ တောနက်ထဲရောက်မှ သနပ်ခါး နံ့ကလေး ဟာ မောင်မွန်လှ နှာခေါင်းထဲမှာ မွှေးပျံ့နေတော့ မောင်မွန်လှလေးဟာ စိတ်ဝင်စားပြီး အပင်ကြီး ရှိရာကို ဦးတည်ပြီးလျှောက်သွားသတဲ့ကွယ်။

သားတို့သမီးတို့ရေ...မောင်မွန်လှလေးဟာ သနပ်ခါးပင်ရှေ့ရောက်တော့ သနပ်ခါးပင်စောင့် နတ်မင်းဆီမှာ သစ်ကိုင်းခုတ်ဖို့ ခွင့်တောင်းပြီး ခုတ်မလို့ပါလာတဲ့ ဓားမကို မြှောက်လိုက်ချိန်မှာပဲ . . .

"အို အသင်လူသား . . . အသင်ဒီသစ်ပင်ကို ခုတ်မယ်ဆိုရင် အသင် ပြန်လမ်းပျောက်ပြီး ဒီ တောထဲမှာပဲ တဝဲလယ်လယ်နဲ့ သေသည်ထိ လမ်းပျောက်ရင်း နေသွားရလိမ့်မယ် "

"အို အသင်နတ်မင်းကြီး...ကျွန်တော်မျိုး မသိခဲ့ရိုးအမှန်ပါ . . . ကျွန်တော်သည် ဒီသနပ်ခါးနံ့ကိုထူးခြားစွာ ခံစားဖူးခြင်းဟာ ဒီတစ်ကြိမ်ပထမဆုံးသာဖြစ်တဲ့အတွက်လိုချင်တပ်မက်မှုများခဲ့ပါတယ်...ကျွန်တော့်အားသနားသဖြင့် သနပ်ခါးကိုင်း နည်းနည်းလောက်ပဲ ပေးသနားပါ " လို့ တောင်းတော့။

"အသင်လူသား ဒီသနပ်ခါးသည် ရိုးရိုးသနပ်ခါးမဟုတ် တော်ဝင်သနပ်ခါးဖြစ်တယ်...လူတွေထက် တန်ခိုးရှင်တွေနတ်တွေက ပိုချစ်တဲ့ အတွက် သင့်အား ကျုပ်မပေးနိုင်ပါ "

"အသင်နတ်မင်း ကျွန်တော်ဟာ မိခင်အိုကြီးကို လုပ်ကျွေးနေတဲ့ သားတစ်ယောက်ဖြစ်

တဲ့ အတွက် မိခင်ကြီးအား မွေးကြိုင်လန်းဆန်း၍ အသက်ရှည်ရန်အတွက် အနည်းငယ်မျှသာတောင်းခြင်းဖြစ်ပါတယ် ” လို့ ပြောလိုက်တော့နတ်မင်းက “ကောင်းပြီ မိဘလုပ်ကျွေးတဲ့ သားသမီးမို့အနည်းငယ်ပေးလိုက်မယ်။ ဒါပေမဲ့သစ္စာတော့ရှိရမယ်။ ဒီသနပ်ခါးတုံးက အိမ်မက်ပေးရင် ပေးတဲ့တိုင်း၊ ပြောရင်ပြောတဲ့အတိုင်း လုပ်ပေးနိုင်ရင်တော့ နည်းနည်းယူသွားပေတော့ အသင်လူသား ” လို့ ပြောတော့ မောင်မွန်လှလေးဟာ သနပ်းခါးတုံး သေးသေးလေးကို သေချာထုပ်ပြီး အိမ်ပြန်လာသတဲ့ကွယ်။

ဒီလိုနဲ့ မောင်မွန်လှလေးဟာ အိမ်လည်းရောက်ရော သနပ်ခါးတုံးကလေးကို ရေစင်စွာဆေးကြောပြီးပုဂံပြားအသေးနဲ့ဘုရားကျောင်းဆောင်အောက်မှာ ရိုသေစွာချထားလိုက်သတဲ့။ မောင်မွန်လှလေးရဲ့ အမေဟာထူးခြားတဲ့သနပ်ခါးနဲ့ကြောင့် “ငါ့သား မင်းအခု ပါလာတဲ့သနပ်ခါးတုံးဟာ ထူးဆန်းတဲ့ သနပ်ခါးတုံးဖြစ်တာကြောင့် အများမခံဘူး။ များလို့မရဘူး။ ပေးထားရင် ပေးထားတဲ့ ကတိအတိုင်း လုပ်ရတယ်နော်ငါ့သား ”

မိခင်ဖြစ်သူက ဒီလို ထူးဆန်းတဲ့အကြောင်းအရာကို ကြိုသိနေတော့ မောင်မွန်လှ အံ့သြနေတာပေါ့။ ဒီလိုနဲ့ ထမင်းစားပြီး အိပ်လိုက်တာမနက် သူငယ်ချင်းတွေလာနိုးမှ နိုးသတဲ့ ဒီလိုနဲ့တောထဲသွားဖို့ တောင်းတွေဓားတွေ ယူမလို့လုပ်တုန်း ဘုရားကျောင်းဆောင်ရှေ့မှာ သနပ်ခါးတုံးတွေကပြည့်နေတာကို တွေ့လိုက်ရသတဲ့ကွယ်။ အံ့သြခြင်းများစွာနဲ့ မောင်မွန်လှလေးဟာအကြံတစ်ခုရပြီး သူ့သူငယ်ချင်းတွေကို “ငါမနေ့ကခုတ်လာတဲ့ သနပ်ခါးတွေ မြို့တက်ရောင်းရမှာမို့ ဒီနေ့တောထဲမလိုက်တော့ဘူးကွာ” လို့ပြန်ပြော လိုက်တော့ သူငယ်ချင်းတွေလည်း တောထဲကို ထွက်သွားသတဲ့ကွယ်။

ဒီလို နေ့စဉ်ရက်ဆက် သနပ်ခါးတုံးတွေ ရတာပေါ့ကွယ်။ မြို့တက်ရောင်းရင်းနဲ့ ခေါင်းရင်းကခြံတစ်ခြံဝယ်ပြီး စိုက်ပျိုးရေးတစ်ဖက်နဲ့ ကြီးပွား ချမ်းသာလာသတဲ့ကွယ်။ ဒီသတင်းကို ရွာထဲကလူတွေကြားပေမယ် မောင်မွန်လှတို့သားအမိကို အချစ်အခင် မပျက်ဘူးတဲ့။ မောင်မွန်လှလေးဟာ လည်းရွာသားတွေရဲ့ စားဝတ်နေရေးမှန်သမျှ ဖြေရှင်းပေးသတဲ့။

ဒီလိုနဲ့ ညတစ်ညမှာ သနပ်ခါးတုံးကလေးကမောင်မွန်လှလေးကို အိမ်မက်ပေးသတဲ့ “ရှင်ရောင်းလို့ရတဲ့ငွေတွေထဲက ကျွန်မကို အင်္ကျီထမီကောင်းကောင်း နှစ်စုံလောက်ဝယ်ပေးပါ။ ကျွန်မနေရတာ မွန်းကြပ်လွန်းလို့ပါ ” လို့ ပြောတော့မောင်မွန်လှလေးဟာ မှတ်ထားလိုက်ပြီး မနက်မိုးလင်းတာနဲ့ ဈေးမှာသွားဝယ်ပြီး သနပ်ခါးတုံးနားမှာထားလိုက်ပြီး ခေါင်းရင်းခြံက အသီးအရွက်တွေ ခူးပြီးဖောက်သည် သွားပေးနေတာပေါ့ကွယ်။

ပြန်လာလို့ အိမ်ထဲဝင်လိုက်ရာ စားကောင်းဖွယ်ရာအသီးအနှံတွေကို ချက်ပြုတ်ပြီးထမင်းပွဲ

အသင့်ပြင်ထားတာကို တွေ့ရသလို အမေ့ကို လည်းခေါင်းရင်းမှာ ထိုင်ခိုင်ထားပြီး ထမင်းစားဖို့ စောင့်နေတာပေါ့။ အဲဒီအချိန်မှာသူချက်ထားတဲ့ထမင်း ဟင်းတွေဟာ နတ်သုဒ္ဓါလိုစားကောင်းမှန်းသိပေမယ့် စားမဝင်ခဲ့ဘူး။ ဒါနဲ့မိခင်ဖြစ်သူက "ငါ့သား သမီးကလေးချက်ကျွေးတဲ့ ထမင်းကို စားနော် စားရခဲတယ်။ နောက်စားရမှာမဟုတ်တော့ဘူး" လို့ ပြောတော့ မောင်မွန်လှလေးဟာ သင်မင်းသမီးလေးက နတ်သမီးလေးဆိုတာကျွန်တော်သိပါတယ်။ နတ်သမီးတွေကအရမ်းလှတာပဲနော် ကျွန်တော်တော့ သင်ကိုမျက်စိထဲကမထွက်တော့ဘူးလို့ ပြောတော့

"အမောင်လူသား . . . "

တန်ဖိုးရှိတဲ့ ရတနာမှန်သမျှကို ကျွန်မတို့က ကာကွယ်ပေးရတဲ့သူပါ အသင့်ဆီမှာ နေခွင့်ပြည့်ပြီအသင်တို့ သားအမိလည်း ပြီးပြည့်စုံပြီမို့ ကျွန်မအား သွားခွင့်ပြုပါဦးလို့ ပြောပြီးမင်းသမီးလေးဟာ မောင်မွန်လှရှေ့ကနေ တောထဲကို တိုးဝင် ပျောက်ကွယ်သွားတာပေါ့။ ဒါကိုသိလို့ ချောင်းနေတဲ့ ရွာသားတွေလည်း အံ့ဩထိတ်လန့်ခြင်းနဲ့ မှင်သက်မိပြီး နတ်သမီးလေး သွားရာလမ်းကို ကြည့်နေကြသတဲ့ကွယ်။

မောင်မွန်လှလေးဟာ ခဏလေး တွေ့ရတဲ့ မင်းသမီးကို စွဲစွဲလန်းလန်း ဖြစ်သွားတာပေါ့။ ဒါကိုတစ်ရွာလုံးက သိကြတယ်။ ဒါပေမဲ့ မောင်မွန်လှလေးဟာမိခင်ကြီးရဲ့သွန်သင်ဆုံးမမှုအောက်မှာပဲ နားထောင်ပြီး နေထိုင်သတဲ့ကွယ်။ ဒီလိုနဲ့ နေ့တစ်နေ့မှာ မိခင်ဖြစ်သူကို မောင်မွန်လှလေးက ဒီလိုပြောသတဲ့ ကလေးတို့ရေ။

""အမေရယ် အသွင်လည်းမတူမှန်း သိတယ်။ ပေါင်းသင်းဖို့ မဖြစ်နိုင်မှန်းလည်း သိပါတယ်။ သူ့ကိုချစ်တဲ့စိတ်တွေ ဖြေဖျောက်နိုင်ဖို့ ရွာဦးဘုန်းတော်ကြီးကျောင်းမှာခွင့်ပန်ပြီးစေတီတစ်ဆူတည်ပါရစေ။ သူတို့လည်း ကုသိုလ်ရတာပေါ့။ ပြီးတော့ ရွှေရောင်တောက်နေတဲ့ သနပ်ခါး နံ့တွေ သင်းနေတဲ့မင်းသမီးကို တင်စားပြီး ရွှေစော်နံ" စေတီကိုတည်ပါရစေ "" လို့ ပြောတော့ မိခင်ကြီးက သဘောတူပြီး ရွာဦးကျောင်း ဆရာတော်ဘုရားဆီမှာ ခွင့်ပန်ပြီးစေတီ တည်ထားလိုက်သတဲ့ကွယ်။ မင်းသမီးလေးရဲ့ကိုယ်လုံးပုံတူကို ပန်းပုဆရာကြီးတစ်ဦးထံမှာ ပုံစံအနေအထား ကိုယ်ဟန် အနေအထားကို ပြောပြပြီးတော့ စာတန်းကလေးတစ်ခု ရေးထားလိုက်တယ်။ အဲဒီစာတန်းကလေးကတော့ "ရွှေစော်နံ့ပျံ့လိုက်ဦး" တဲ့။

ဦးဦးရန်ကြီးအောင် (လှိုင်သာယာ)


ထူးဆန်းသောအလုပ်
ပန်းချီ ဈိုးသော်ထွန်း
တစ်ခါက ဘုရင်ကြီးတစ်ပါးသည် သူ၏ ပညာရှိ အမတ်ကြီး အား အမိန့်တစ်ခု ချ၏...
အမတ်ကြီး သင်ဟာ ဉာဏ်အရှိဆုံးသူမို့ ... ထူးခြားပြီး အားလုံးအံ့ဩ စေမည့် တစ်ခါမှမလုပ် ခဲ့ဘူးသည့်အလုပ် တစ်ခုကိုလုပ်ရမည်...
ပညာရှိအမတ်ကြီးက... အတော်ကြာ စဉ်းစားပြီး
မှန်ပါ... ဒီကိစ္စအတွက်... အချိန်နဲ့ငွေ လိုပါတယ်... နောက်ပြီး ဒီအလုပ်ပြီးတဲ့ အထိ... ကျွန်တော်မျိုးကို အပြစ်မပေးပါဘူးဆိုတဲ့ ကတိကိုပေးပါ...
ဘုရင်ကြီးလည်း အားလုံးကို ခွင့်ပြုလိုက် သည်... ထို့နောက်တွင် တိုင်းရေးပြည်ရေးများနှင့် အလုပ်များကာ အမတ် ကြီးကို မေ့သွားတော့၏...

ရက်အနည်းငယ် ကြာသော်..ပညာရှိ အမတ်ကြီး ပြင်းထန်သော ရောဂါဝေဒနာ နှင့်...သေဆုံးကြောင်း ဘုရင်ကြီးကြားရ လေသည်...
အမတ်ကြီး၏ ပြိုင်ဘက်များမှာ လွန်စွာ ဝမ်းမြောက်ကြလေသည်...
ဘုရင်ကြီးမှာ အလွန်စိတ်မကောင်း ဖြစ်ရလေသည်...

ဤသို့ဖြင့်...လအနည်းငယ် ကြာသွားခဲ့သည်...
တစ်နေ့...
ပညာရှိ အမတ်ကြီး သရဲလာခြောက်တယ်...
အစောင့်ရဲမက်၏အသံကြောင့်... အားလုံးလန့် သွားကြသည်... ထို့နောက်မှာပင် အမတ်ကြီးကို အားလုံးမြင်ကြရပြီး ဖဲ့အားသင့်သွားကြ၏...
ကျွန်တော်မျိုး အမတ်ကြီး အသစ်ပါ... ကျွဲပေါ်လှုပ်သွားပြီးတော့ ကောင်းကင်ဘုံမှာနေရပါတယ်.. အခု အချင်မင်းကြီး ထံပြန်လာ ခွင့်...ရလို့ ပြန်လာတာပါ..

ကောင်းကင်ဘုံက... အဖိုးတန် အဝတ်အစား တွေနဲ့အတူ...အချင်းမင်းကြီး အတွက် အလှူတော ချောမောလှပတဲ့ မင်းသမီး လေး...တစ်ပါးကို...ခေါ် ဆောင်လာခဲ့ပါတယ်..
ဘာကြောင့် အခုတစ်ခါတည်း မယူခဲ့တာလဲ...
မှန်လှပါ မင်းသမီးလေးက... ကောင်းကင်ဘုံက လာတာ မို့လို့ အခမ်းအနားနဲ့ ကြိုဆိုရပါမယ်...
ဘုရင်ကြီးလည်း မယုံသေးသဖြင့်...အမတ်ချုပ် ကြီးနှင့်...နန်းတော်သား အချို့အား အမတ်ကြီးနှင့် အတူ မင်းသမီးအား ကြည့်ရှုရန် စေလွှတ်လိုက် သည်လေ...


ပညာရှိ အမတ်ကြီးသည်...ဖားရွံ့
ကို...ခေါ် ဆောင်သွားသည်... ...
တောတွင်း တစ်နေရာအရောက်
အရှေ့တလောက်လောက် တောက်ပ
နေသော... နန်းဆောင်ကြီး တစ်ခုကို
တွေ့ရလေသည်... ... ...
နန်းတော်ရဲ့
ခုနစ်ဆောင်မြောက်
မှာ...မင်းသမီးလေး
နေတယ်... ကျွန်ုပ်
ခေါ်လိုက်မယ်...
ပညာရှိ အမတ်ကြီးက လှမ်းခေါ်လိုက်
သည်...မည်သူမျှ ထွက်လာသည်ကို
မတွေ့ရပေ... ... ...
ဪ...
အမတ်ချုပ်ကြီးကို ပြောဖို့
မေ့သွားတယ်...မင်းသမီးလေးက
ကောင်းကင်ဘုံက လာတာမို့လို့
ဘုန်းကံကြီးမားတဲ့ပုဂ္ဂိုလ်တွေသာ
မြင်ရပါတယ်...ကဲ ထပ်ပြီး
ကြည့်ကြပါဦး...


အာမောက်ချုပ်ကြီးနှင့် မင်းချင်းများသည်
ထပ်ကြည့်ကြပြန်သည်..သို့သော်
ဘာမျှမတွေ့... မတွေ့ရပါဟုပြောလျှင်
မိမိတို့ဉာဏ်သိက္ခာ ထိခိုက်တော့မည်
ဖြစ်သဖြင့်...
အားလုံးက မင်းသမီးလေး
ချောကြောင်းလှကြောင်း
ပြောကြသည်... ...
ထို့နောက် အားလုံး နန်းတော်သို့
ပြန်လာပြီး မင်းသမီးလေး ချောကြောင်း
လှကြောင်း ဘုရင်ကြီးအားလျှောက်
တင်ကြ...


မကြာမီ သူရင်ကြီးနှင့် ပညာရှိ အမတ်တို့ ဦးဆောင်ပြီး အမတ်ချုပ် ကြီးနှင့် မင်းချင်းများ မင်းသမီးလေး ရှိရာသို့... ရောက်ရှိလာကြသည်...
အရှင်မင်းကြီး မင်းသမီးလေးက.. နိုးတော် ပြတင်းဝက စောင့်မျှော်နေ ပါပြီ... ရှုစားတော်မူပါ...
သူရင်ကြီးမှာ ဘာကိုမျှ မမြင်ရပေ သို့သော် သူ့ရင်က... မမြင်ရကြောင်း ပြောလျှင် သူ့အားကဲ့ရဲ့ မျိုးရိုးနိမ့် သည်ဟု အထင်ခံရမည်စိုးသဖြင့်...
ဟယ်... တယ်လှတဲ့မင်းသမီး လေးပဲ...ကဲ ရှုပဲ သူ့ဆီ သွားတော့မယ်...
ခေတ္တ သည်းခံပါ မင်းကြီး သာမန်အဝတ် အစားနဲ့ သွားလို့ မရပါ.. ဟူး...သူ့နဲ့လိုက်ဖက်တော်တဲ့ နတ်ဝတ်တန်ဆာတွေ ဝတ်ဆင်ရပါမယ်...


ထို့နောက် သူကြွယ်ကြီးအား
ဝတ်ကောင်းစားလှများ
ဝတ်ဆင်ပေး၏... ...
အမတ်ချုပ်ကြီးနှင့် နန်းတွင်းသားများလည်း
အဝတ်အစားဝတ်ရုံ အားလုံး အဝတ်ချွတ်စေ၏..
အမတ်ချုပ်ကြီးနှင့် မင်းချင်းများမှာ ပညာရှိ
အမတ်ကြီး ပေးသော...နတ်ဝတ်တန်ဆာများကို
မမြင်ရပေ...
သို့သော် မျိုးရိုးနိမ့်သူများ အပြစ်
အပြောမခံလို၍.. နတ်ဝတ်တန်ဆာ
များကို မြင်ယောင်မှားကာ ဝတ်ဆင်
ကြလေသည်... ... ...
အဝတ်များ ချွတ်ထားရသည့်
အတွက်...အဝတ်မဲ့ကိုယ်ပပ်များ
ဖြင့် အလွန်ရှက်နေကြလေ
သည်... ... ...

ခဏကြာသော်..၊ ပညာရှိအမတ်ကြီးက..
အရှင်မင်းကြီး မင်းသမီးလေးက ဒီနေ့ အချိန်မကျသေး လို့... နက်ဖြန်မှလာခဲ့ ဖို့...ပြောလိုက်ပါ တယ်...
ဘုရင်ကြီးမှာ အဝင်မကျ သေးသော်လည်း မင်းသမီးလေး ကို စိတ်မဆိုးရဲသဖြင့်...
ကောင်းပြီ ပြန်ကြမယ်..
လူဆိုးတွေ အလုခံရလို့ ဖြစ်မယ်
အပြန်လမ်းတွင်...
ဟာ... နန်းတွင်းသားတွေ ရူးသွားပြီ...
အမတ်ချုပ်ကြီး အဝတ်မပါဘူး...
မင်းချင်းတွေ လည်း... အဝတ် မပါဘူးဟေ့...


နောက်ဆုံးတွင် မင်းချင်းများလည်း...ရှက်ကြောက်မှုဇောကို သည်းမခံနိုင်တော့ဘဲ...အမတ်ချုပ်ကြီးအား ဖြေဖြောကြတော့သည်... ... ...
ကျွန်တော်မျိုးတို့ဟာ...ဉာဏ်နိမ့်ပါတယ်...ဘုန်းကံ မရှိပါဘူး ပညာရှိ အမတ်ကြီးက...သက်သက်အရှက်ခွဲတာပါ...
နတ်ဝတ်တန်ဆာဆိုတာလည်း မရှိပါဘူး...မင်းသမီးလေး...ဆိုတာလည်း မရှိပါဘူး...
အမတ်ချုပ်ကြီးလည်း သဘောပေါက်သွားကာ... ဘုရင့်ကို တိုင်ကြားရန် နန်းတော်သို့ အမြန် လာကြလေသည်...


ပညာရှိ အမတ်ကြီးသည် အမြဲ
အခုနကို ရိပ်စားမိသဖြင့်... ..
သူဌေးကြီးအား အဖြစ်မှန်ကို
ဖွင့်ပြော အကျအညှပ်တောင်းလေ
သည်...
အရှင်မင်းကြီး လွန်ခဲ့တဲ့ရှစ်လလောက် က..ကျွန်တော်မျိုးကို ဘယ်သူမှ မလုပ်ဖူးတဲ့ အရုပ်တစ်ခု လုပ်ခိုင်း တာ...မှတ်မိသေး လား....
မှတ်မိပါတယ် ဒါပေမဲ့ မင်းက သေ သွားပြီ... မဟုတ်ဘူး လား....
အဲဒီအရုပ်ကို ဒီနေ့မှ ကျွန်တော်မျိုး လုပ်ဆောင်ပြီးပါပြီ... ... အမတ်ချုပ်ကြီးနဲ့ မင်းချင်းတွေ ကို...အသက်မပါဘဲ တစ်မြို့လုံး ပျောက်ခိုင်း ပြီးပါပြီ...
ဟေ...


တကယ်ပါတော့...
ကျွန်တော်မျိုး မသေပါဘူး
အရှင့်သခင့်အရေး စိတ်ပူရသေးပါ...
အခုတော့ သူတို့ ကျွန်တော့်
ကို...စိတ်ချိုးပြီး ဥကျွပေးပါ
တော့မယ်...ကယ်တော်
မူပါ...
ဘုရင်ကြီးကား ပညာရှိ အမတ်ကို အပြစ်တင်ရန် သတိမရ...
စိတ်ကူးကောင်းပုံကိုသာ သဘောကျနေမိပြီး အဝတ်မပါဘဲ
ဝင်လာသော အမတ်ချုပ်ကြီးကို ကြည့်ကာ ရယ်မောမဆုံး
ဖြစ်နေတော့သည်... ...
/2014

တစ်ခါကရွာ တစ်ရွာတွင် မောင်ညိုဆိုသူလယ်သမားတစ်ဦးရှိသည်။ မောင်ညိုသည် နံနက်လင်းသည့်နှင့် သူ၏လယ်ယာမြေသို့ သွားရောက်အလုပ်လုပ်ပြီး ညနေမှ ပြန်လာလေ့ရှိသည်။ သူ၏လယ်ကွက်အနီးတွင် အလွန်သန့်ရှင်း ကြည်လင်သော ရေအိုင်ကြီး တစ်အိုင်ရှိပါသည်။ အလုပ်ပင်ပန်းသည့်အခါ မောင်ညိုသည်ရေအိုင်သို့သွား၍ မျက်နှာသစ်လေ့ရှိရာ ရေအိုင်တွင်နေသော ရွှေရောင်အဆင်းရှိ ပုဇွန်လုံးကြီးကိုတွေ့လေ့ရှိသည်။ နေ့စဉ် တွေ့ဖန်များလာရာ ပုဇွန်လုံးကြီးနှင့် ခင်မင်

ရင်းနီးကာ အဆွေခင်ပွန်း ဖွဲ့မိကြသည်။ မောင်ညို သည် ရေအိုင်တွင် မျက်နှာသစ်ပြီးသည်နှင့် ပုဇွန် လုံးကြီးကို ခါးပိုက်ထဲသို့ထည့်ကာ အလုပ်ခွင်သို့ ခေါ်သွားလေ့ရှိပါသည်။ တစ်နေကုန် ပုဇွန်လုံးနှင့် အတူနေပြီး ညနေအိမ်ပြန်ခါနီးမှ ပုဇွန်လုံးကို ရေ အိုင်သို့ပြန်ပို့လေ့ရှိပါသည်။

လယ်သမား၏ မျက်စိများမှာ အလွန်ကြည် လင်လှပပါသည်။ ရေအိုင်ဘေးရှိ ထန်းပင်ပေါ်တွင် ကျီးကန်းသိုက်ရှိရာ ထိုကျီးသိုက်မှ ကျီးမသည် လယ်သမား၏မျက်စိကိုမြင်သည်နှင့် ဖောက်၍စား လိုသည့်ဆန္ဒများ ဖြစ်လာသည်။ ကျီးဖိုကို သူ့ဆန္ဒ အတိုင်းထုတ်ဖော်ပြောပြသည်။

"ကျွန်မ ဟိုလယ်သမားရဲ့ မျက်စိကို ဖောက် ပြီးစားချင်တဲ့ ဆန္ဒတွေပြင်းပြနေပါတယ်။ ကူညီ ပေးပါ . . ."

ကျီးဖိုကလည်း သူမတတ်နိုင်သည့်ကိစ္စဖြစ်၍ ကျီးမကို နှစ်သိမ့်စကားပြောရသည်။

"လူသားတစ်ယောက်ရဲ့ မျက်စိကို ယူဖို့ဆို တာလွယ်တဲ့ ကိစ္စမဟုတ်ဘူး ဒီတော့ စိတ်လျှော့ လိုက်ပါ ရှင်မရယ်။

"ရှင်ဟာ ကျီးဖိုဖြစ်ပြီး ဘာမှအသုံးမကျဘူး ကျွန်မပြောတဲ့အတိုင်းသာလုပ်ပါ၊လယ်သမားရဲ့ မျက်စေ့ကို ဖောက်ခွင့်ရမှာ သေချာတယ်၊ ရှင်လုပ် ရမှာက ဟိုတောင်ပို့မှာနေတဲ့ မြွေဟောက်ကို အကူ အညီတောင်းပါ၊မြွေဟောက်ကသာ ဒီလူကိုပေါက် ရင် ကျုပ်တို့အကြံအောင်ပြီပေါ့ . . ."

ကျီးမ၏ အကြံပေးချက်အတိုင်း ကျီးဖိုကလုပ် ရန် ဆုံးဖြတ်လိုက်သည်။ ထိုအချိန်မှစ၍ မြွေ ဟောက်ကို ရင်းနီးအောင် ပေါင်းသင်းရာ မကြာမီ ရင်းနီးမှုရခဲ့သည်၊ မြွေဟောက်နှင့်ရင်းနီးသည်နှင့် အကူအညီတောင်းမိတော့သည်။

"မိတ်ဆွေ မြွေဟောက်၊ ခင်ဗျားဟာ အဆိပ် ပြင်းကို ပိုင်ဆိုင်ထားတဲ့ စွမ်းအားရှင်ဆိုတော့ အကူအညီ တစ်ခုတောင်းပါရစေ။ ကျုပ်ဇနီးက ဟိုလယ်သမားရဲ့ မျက်စေ့ကို စားချင်နေပါတယ်၊ အဲဒီလယ်သမားကို ခင်ဗျားရဲ့ စွမ်းအားနဲ့ပေါက် သတ်ပေးစမ်းပါဗျာ၊ ဒါလောက်တော့ ကူညီနိုင်မယ် ထင်ပါတယ်. . . "

မြွေဟောက်ကို မြှောက်ပင့် ပြောလိုက်ရာ မြွေဟောက်ကဘောကျပြီး ကူညီရန် ကတိပြုပါ သည်။

" ကျုပ်ကူညီနိုင်ပါတယ်ဗျာ၊ ကျုပ်အစွမ်းကို ပြရသေးတာပေါ့ " မြွေဟောက်၏ စကားကြောင့် ကျီးဖိုအားတက်ခဲ့သည်။

နောက်တစ်နေ့တွင် ထုံးစံအတိုင်း လယ်သမား သည် လယ်တောသို့ လာခဲ့သည်။ ရေအိုင်သို့သွား ၍ မျက်နှာသစ်သည်။ ရွှေပုဇွန်လုံးကို လုံချည်ခါး ပိုက်ထဲထည့်ကာ လယ်ကွက်ဆီသို့ ပြန်ခဲ့သည်။ အပြန်လမ်းတွင် မြက်ခင်းကြား၌ အသင့်စောင့်နေ သောမြွေဟောက်ကလယ်သမား၏ခြေဖနောင့်ကို ကိုက်လိုက်ရာ လယ်သမား လဲကျသွားလေသည်။ မြွေဟောက်လည်း တောင်ပို့ဆီသို့ ပြန်သွားပါ

သည်။ ထိုစဉ် ကျီးဖိုရောက်လာပြီး မျက်လုံးကို ဖောက်ရန်လယ်သမား၏ ရင်ဘက်ပေါ်တွင် နား လိုက်သည်။ ကျီးဖိုက မျက်လုံးကို နှုတ်သီးဖြင့် ထိုးဖောက်ရန် ပြန်ဆင်လိုက်ချိန်၊ လယ်သမား၏ ခါးပိုက်ထဲမှ ပုဖွန်လုံးက ထွက်လာပြီး ကျီးကန်း၏ လည်မြို့ကို လက်မနှင့်ညှပ်လိုက်သည်။

ကျီးဖိုမှာ ရွှေပုဖွန်၏ လက်မကြားမှရုန်းထွက် မရနိုင်အောင်ရှိနေပါသည်။ ပုဖွန်ကညှပ်လိုက် ကျီး က အော်လိုက်နှင့် ရှိနေပါသည်။ ကျီးဖိုမှာ အသက် ဘေးမှ လွတ်လမ်းမမြင်တော့သဖြင့် မိတ်ဆွေမြွေ ဟောက်ကို ခေါ်ရတော့သည်။

"ကိုမြွေဟောက် ကျုပ်ကိုကယ်ဦး၊ ပုဖွန်ညှပ်လို့ ကျုပ်သေရပါတော့မယ်" ကျီးဖို၏ အော်သံကြောင့် မြွေဟောက်သည် တောင်ပို့မှတဖန် ပြန်ထွက်လာ ခဲ့သည်။ မြွေဟောက်သည် ကျီးကန်ကို ကယ်ရန် အနီးသို့ တိုးကပ်လာသည်။ မြွေဟောက် အနီးသို့ ရောက်သည့်နှင့် ရွှေပုဖွန်က ကျန်လက်တစ်ဘက် ဖြင့် မြွေဟောက် လည်ပင်းကို ညှပ်လိုက်ပြန်သည်။ မြွေဟောက်မှာ ရုန်း၍မရအောင် ဒုက္ခရောက်နေ သည်။ ပုဖွန်ကမြွေဟောက်ကို တင်းတင်းညှပ်ထား ရာမှ အနည်းငယ်လျှော့ပြီး ပြောလိုက်သည်။

"ဒီမှာကိုမြွေဟောက်၊ လယ်သမားကိုယ်မှာအ ဆိပ်တွေမပြန့်ခင် ပြန်စုပ်ပေးပါ။ အဆိပ်အားလုံး ထုတ်ပေးရင် သင်၏အသက်ကို ချမ်းသာပေး မယ်. . ."

မြွေဟောက်မှာလည်း အသက်ဘေးမှ လွတ် ရန် လယ်သမားထံမှ သူ၏အဆိပ်များအား လုံးကို ပြန်စုပ်ထုတ်ယူလိုက်သည်။ အဆိပ်များ ကင်းစင် သွားသည့်အခါ လယ်သမားက ချက်ချင်း လူ ကောင်းပကတိဖြစ်ပြီး ထထိုင်နိုင်သည်။ ရွှေပုဖွန် က မြွေဟောက်နှင့် ကျီးကန်းအသက်ရှင်နေသရွေ့ လယ်သမားကို အန္တရာယ်ပေးနိုင်သည်ကို တွေးမိ သဖြင့် သူတို့နှစ်ဦးကိုလွတ်မပေးတော့ပဲ လက်မ နှစ်ဘက်နှင့် အသေညှပ်လိုက်ရာ မြွေဟောက် နှင့် ကျီးကန်းဦးခေါင်းကိုယ်စီ ပြတ်၍ သေပွဲဝင် ရပါတော့သည်။ သူတပါးကို မကောင်းကြံသည့် အတွက် အသက်သေဆုံးခဲ့ရခြင်း ဖြစ်ပါသည်။ လယ်သမားနှင့် ရွှေပုဖွန်တို့မှာမိတ်ဆွေစစ် မိတ် ဆွေကောင်းပီသစွာ တစ်ဦးကိုတစ်ဦးက ကူညီရင်း အသက်ဆုံးတိုင် နေသွားကြရပါတော့သတည်း။

မင်းချစ်ဆွေ

အများအကျိုးဆောင် ကိုယ့်အကျိုးအောင်
ကာတွန်း
မောင်ရဲသူ
ရန်ကုန် တက္ကသိုလ်
တစ်ခါက ရွာတစ်ရွာမှာ မိခင်အိုကြီးကို ပြုစုလုပ်ကျွေးနေတဲ့ မောင်ရဲပာ်ဆိုတဲ့ လူငယ်လေးတစ်ယောက်ရှိတယ်။
သူဟာ ဆင်းရဲပေမယ့် ရိုးသား ကြိုးစားပြီး သူတစ်ပါး အပေါ်လည်း ကူညီတတ်တယ်
သူဟာ တစ်နေ့မှာ သူများ အိမ်မှာ အလုပ်လုပ်နေရင်း သတင်းတစ်ခု ကြားရတယ်
ဟိုး အရှေ့ဘက် တောင်ပေါ်မှာ ပညာရှိ သူတော်စင် အဘိုးအို တစ်ယောက်ရှိတယ်



သူဟာ ရိုးသား ကြိုးစား ဝီရိယရှိပြီး စိတ်စေတနာကောင်းတဲ့သူတွေကို တွေ့ရင် အကြံဉာဏ်ကောင်းပေးတယ်တဲ့ သူပေးတဲ့အကြံအတိုင်းလုပ်ရင် ခဏလေးနဲ့ ချမ်းသာတာပဲတဲ့
ရှာပုံ လုလင် အဲဒီသတင်းကြားတော့ မိခင်အိုကြီးကို ကောင်းကောင်းမွန်မွန် ထားချင်တာနဲ့ အရှေ့ဘက် တောင်ပေါ်ကိုစွန့်စားသွားလိုစိတ်ဖြစ်လာတာပေါ့
ဒါနဲ့ မိခင်အိုကြီးကို အကျိုးအကြောင်းပြောပြပြီး ခွင့်ပန်တယ်.. မိခင်ကလုလင်သားလေးရဲ့ ဘဝ တက်လမ်းဖြစ်လို့ ခွင့်ပြုလိုက်ရသတဲ့..
ဒါနဲ့ သူ့အလုပ်လုပ်တဲ့ သူဌေးကြီး ဦးဘောဂ ဆီ သွားပြီး မိခင်ကြီးအတွက် စီမံထားခဲ့ဖို့ ရှာအသပြာ အနည်းငယ်ချေးတာပေါ့

သူဌေးကြီးကလည်းရိုးသားပြီး
ကြိုးစားတဲ့ ရာဟုကို
ယုံကြည်လို့ ချေးတာပေါ့
အင်း မင်းက ကတိတည်လို့ချေးတာပေါ့ ဒါပေမယ့်
ပညာရှိကြီးဆီသွားရင် ငါ့အတွက် တစ်ခုမေးပေး
ပါလားကွာ ငါ့သမီး အိပ်ရာထဲခွေနေတာ အတော်
ကြာပြီ သမားတော်တွေ ခေါ်ပြတော့လည်း
ဘာရောဂါမှ မရှိဘူးတဲ့ အဲဒါမေးခဲ့ပေးပါ..
ရာဟုလည်း ဖခင်ကြီးအတွက်စားသောက်စရာ
ထမင်း ရေ အစုံ စီမံပေးပြီး နှုတ်ဆက်တယ်..
ပြီးတော့ အရှေ့ဘက်တောင်ဆီကို
ခရီးထွက်တော့ တာပေါ့..


ရာဟုလည်း ခရီးဆက်ထွက်လာရင်း မောပန်းလွန်းလို့သစ်ပင်ကြီး တစ်ပင် အောက်မှာ အမောထိုင်ဖြေတယ်..
ဒီအချိန်မှာ သစ်ပင်ကြီးက သူ့ကိုမေးလို့ သူက အကြောင်းစုံ ပြောပြလိုက်သတဲ့..
ဒါဆိုရင် အနီးဆုံးလမ်းကို ကျုပ်ညွှန်လိုက်ပါ့မယ် ကျုပ်က အပင်သာကြီးလာတယ် အသီးမသီးလို့ ဘာလုပ်ရမလဲဆိုတာကို မေးခဲ့ပေးပါလားဗျာ
ရာဟုလည်း မေးခဲ့မယ်လို့ ကတိပေးပြီး သစ်ပင်ကြီး ညွှန်ပြတဲ့ လမ်းအတိုင်း ခရီးဆက်ထွက်လာခဲ့သတဲ့


လမ်းမှာ ငါးကြီးတစ်ကောင်နဲ့ တွေ့တော့မေးလို့ရာဟုလည်း ပညာရှိအဘိုးအိုဆီ သွားဖို့ အကြောင်း ပြောပြတာပေါ့
ဒီဆိုလဲ အတော်ပဲဗျာ ကျုပ်မှာလည်ချောင်းနင်ပြီး အစာမစားနိုင်ဘူးဖြစ်နေတယ် အဲဒါ ဘာလုပ်ရမလဲလို့ စုံစမ်းပေးခဲ့ပါလားဗျာ။
ရာဟုလည်း စုံစမ်းပေးခဲ့မယ်လို့ ကတိ ပေးပြီးတောင်ပေါ်ကို တက်လာခဲ့တယ်
ဒီနဲ့ တောင်ပေါ်ရောက်တော့ အဘိုးအိုနဲ့တွေ့လို့ သူယူလာတဲ့ ပိတ်ဖြူစ လက်ဖက်ခြောက် ထန်းလျက်တို့နဲ့ လှူလိုက်တယ်။

အဘိုးရယ် ကျွန်တော်ဟာ မိခင်အိုကြီးကို လုပ်ကျွေးနေတဲ့သူပါ၊ အဘိုးအကြံပေးတာကိုလုပ်ရင်ကြီးပွားချမ်းသာတယ် ဆိုလို့စွန့်စားပြီးလာခဲ့တာပါ ။
ကောင်းပြီလေ ဒါပေမယ့်အဘိုးကို မေးခွန်း သုံးခုပဲမေးလို့ရမယ် အဘိုးဖြေပေးမယ်..
ဟာ အဲဒီမှ ဒုက္ခပဲ သူများအတွက်မေးပေးမယ်လို့ ကတိပြုခဲ့တာက သုံးခု.. ငါမေးဖို့ကလဲရှိသေး ငါ့အတွက်ထည့်မေးရင် သူတို့အတွက် သုံးခု ထဲကတစ်ခုခုတော့ကျန်မှာပဲ ဒီတော့ .. ငါ ကတိမတည်ရာ ရောက်မယ်..
ကတိအပျက် မခံဘဲ သူတို့ အတွက်ပဲမေးရင် ဒီလောက်တောင် စွန့်စားလာပြီး ပညာရှိအဘိုးအိုနဲ့ တွေ့ပြီးမှ အလကားဖြစ်တော့မယ် အိမ်ပြန်ရောက်ရင် ဆင်းရဲမြဲ ဆင်းရဲ နေပြီး ချေးထားတဲ့အကြွေးတင်ဦးမှာ ငါ ဘယ်လို လုပ်ရပါ့မလဲ

နောက်ဆုံးတော့ သူများတွေကိုပေးထား ခဲ့တဲ့ကတိတွေကိုမဖျက်ဘဲ သူတို့ မေးလိုက်တဲ့မေးခွန်း သုံးခုကိုပါ ရှာဟုက မေးလိုက်တော့သတဲ့ ..
သူဌေးသမီး ဖြစ်နေတဲ့ပဟာက သင့်တော်တဲ့သူနဲ့ အိမ်ထောင်ချပေးလိုက်ရင်ရပြီ သစ်ပင်ကြီး အသီး မသီးတာက အပင်အောက်မှာမြှုပ်ထားတဲ့အရာကို တူးဖော်ရင်ရပြီ ငါးကြီးရဲ့လည်ချောင်းမှာတစ်ခု တစ်ခုနင်ပြီး တစ်ဆို့နေလို့ပဲ အဲဒါကိုထုတ်လိုက်ရင် အစာ ပြန်စားလာနိုင်ပါလိမ့်မယ်..
အဲဒီ ပြဿနာတွေကို ဖြေရှင်းနိုင်ရင် မောင်ရင် ကြီးပွားချမ်းသာလာပါလိမ့်မယ်ကွယ်..
ဒါနဲ့ ရှာဟုလည်း ပညာရှိ အဘိုးအိုကို နှုတ်ဆက်ပြီး ပြန်လာ ခဲ့တော့တာပေါ့ ..

ရှာပဲ့လည်း အပြန်လမ်းမှာ ငါးကြီးနဲ့တွေ့တော့ ပညာရှိအဘိုးအိုဖြေပေးတဲ့ အတိုင်းလည်ချောင်းထဲမှာနင်နေတာကို ထုတ်ပစ်ရမယ်လို့ပြောတယ်
ဒါဆိုရင် ကူညီလက်စနဲ့ ကျုပ်ကိုထုတ်ပေးပါဗျာ
ရှာပဲ့က ငါးလည်ချောင်းထဲ နှိုက်ထုတ်လိုက်တော့ အဖိုးတန်ကျောက်မျက်တစ်လုံးတွေ့လိုက်ရလို့ ငါးကြီးကလည်း ရှာပဲ့ကို ယူသွားဖို့ ပေးလိုက်တယ်။
ဒီလိုနဲ့ ခရီးဆက်လာရင်း သစ်ပင်ကြီးဆီရောက်တော့ ပညာရှိကြီး ဖြေလိုက်တဲ့ အဖြေကို ပြောပြလိုက်တယ်

ဒါဆိုရင် ကျုပ်အောက်က အရာကို တူးဖော်ပေး ပါလားဗျာ..
ဂျပဟု လည်း သစ်ပင်ကြီးအောက်ကို တူးဖော်ပေးတော့ ရွှေအိုးကြီးတစ်လုံး တွေ့လိုက်ရတော့ သတဲ့..
သစ်ပင်ကြီးက ဂျပဟုကိုကျေးဇူးတင်ကြောင်း ပြောပြီးရွှေအိုးကိုပေးလိုက်လို့ယူပြီးပြန်ခဲ့တယ်
အင်း ငါဟာ သူတစ်ပါး အကျိုးဆောင်ပေးခဲ့လို့ အခုလိုလက်ငင်းအကျိုး ခံစားရတာပဲ သူဌေးကြီး မေးတဲ့အဖြေကိုဝင်ပြောဦးမှ

ရာဟုလည်း ပညာရှိကြီး ဖြေလိုက်တဲ့
သူဌေးကြီးအတွက်အဖြေကိုပြောလိုက်ပြီး
လမ်းမှာ သူကြုံခဲ့ရတာကိုပြောပြတယ်
အင်း ဒါဆိုရင် ငါ့သမီးနဲ့သင့်တော်သူဟာ
ရိုးသား ကြိုးစားပြီး စိတ်ထားကောင်းတဲ့
မောင်ရာဟု ပဲဖြစ်ရတော့မှာပေါ့ကွယ်
ဒါနဲ့ သူဌေးကြီးလည်း သမီးဖြစ်သူနဲ့ ရာဟုကို
လက်ဆက် ပေးစားလိုက်တော့တာပေါ့ ..
မိမိအကျိုးတစ်ခုတည်းကို
မကြည့်ဘဲအများအတွက်
ကြည့်တတ်တဲ့ရာဟုလေးဟာ
မိခင်အိုကြီးကိုလည်းပြည့်ပြည့်
စုံစုံ ထားပြီး ပျော်ရွှင်တဲ့မိသားစု
ဘဝလေးကိုရသွားတာပေါ့ကွယ်
0930171224

စိတ်မှန်နှောပြည့်ဝ မျက်နှာထားအလှ ဝင်းပ

ဖြိုးဖြိုး(ဆေး၀ါးတက္ကသိုလ်)



တစ်ညဉ့်လင်းဘုန်းဟန်တစ်ယောက် အိပ်ယာဝင်ခါနီး မိခင်ဖြစ်သူကို ပုံပြောခိုင်းနေသည်။

"မေမေ သားကို ပုံပြောပြပါနော် . . နော်လို့"

"ဘာပုံပြင်အကြောင်းနားထောင်ချင်လဲ။"

" မေမေပြောပြတာ အားလုံးကိုကြိုက်တယ်။"

"ကောင်းပါပြီကွယ် . . . ။ တစ်ခါက ရွာကျော်ကြီး ရွာမှာ မောင်မြဆိုတဲ့ လူပျိုပေါက်အရွယ် ကောင်ကလေးတစ်ယောက်ဟာ မိဘနှစ်ပါးနဲ့ အတူနေထိုင်တယ်။ အလုပ်တွေလုပ်နေရပေမဲ့ စိတ်အားထက်သန်မှုမရှိသလို တက်တက်ကြွကြွလည်းမရှိဘူး။ သူ့ကိုယ်သူ ရုပ်ဆိုးတယ်ဆိုပြီး ဘဝကို အရှုံးပေးထားတယ်။ ဟိုဘက်ရွာကိုကျောင်းသွားမတက်ချင်ဘူး။ အဲ့ဒီရွာမှာနေတဲ့ မောင်လှဆိုတဲ့ အတန်းတူကောင်လေးက သူ့ကို ရုပ်ဆိုးငမဲလို့စတယ်။ မောင်မြတို့ရွာမှာ စာသင်ကျောင်းမရှိတာကြောင့် မသွားချင်၊ သွားချင် သွားရတယ်။ ဘဝမှာဘာ အရေးကြီးဆုံးလဲဆိုတာ သားဖြစ်သူကို သိစေဖို့ နည်းလမ်းအမျိုးမျိုးသုံးကာ မိဘနှစ်ပါးက နှစ်သိမ့်အားပေးကြတယ်။

တစ်နေ့တော့ . . . အိမ်အပြင်ဘက်ကို မောင်မြထွက်လာခိုက် အိမ်ရှေ့ရှိ စိုက်ခင်းတွေကို ဖခင်ဖြစ်သူက ရေလောင်းပေးနေတယ်။ သားဖြစ်

သူ စိတ်လက်မသာမယာဖြစ်နေတာကို မြင်ရတာကြောင့် လှမ်းအော်ခေါ်လိုက်တယ်။

"သားလေးအဖေ့နားကိုခဏလောက်လာပါဦးကွယ် "

"လာပါပြီ အဖေ . . ."

အနားသို့ရောက်လာတဲ့အခါ ဖခင်က . . .

"စိုက်ခင်းထဲက အသီးအရွက်တွေကို ကြည့်စမ်းကွာ။ ဘယ်အသီးအရွက်တွေက ပိုလှသလဲ၊ ပိုကြည့်လို့ကောင်းသလဲ "

စိုက်ခင်းတွေကို မောင်မြက ခဏတာမျှ စိုက်ကြည့်မိတယ်။

"အသီး၊ အရွက်တွေအားလုံးက အရောင်အသွေးအစုံအလင်ရှိကြတယ်။ သူ့ပုံစံ၊ သူ့အရောင်နဲ့ လိုက်ဖက်တဲ့ ကိုယ်ပိုင်သင်္ကေတရှိတယ်လို့ တွေးမိတယ်။ ဘာဟာက ပိုလှတယ်လို့တော့ သား မခွဲခြားတတ်ပါဘူး "

"သားပြောတာ သိပ်မှန်တယ်။ ဟောဟိုမှာတွေ့လား ပျံသန်းသွားလာနေကြတဲ့ ငှက်တွေကို ကြည့်လိုက်စမ်းကွာ တစ်ကောင်နဲ့ တစ်ကောင်မတူညီကြပေမဲ့ မိုးကောင်းကင်အထိ ပျံသန်းသွားလာနေကြတယ်။ ငှက်မှ မဟုတ်ဘူး . . . သက်ရှိသတ္တဝါအားလုံး ဘဝရပ်တည်မှုအတွက်အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ ရုန်းကန် နေကြရတယ် "

ဖခင်ပြောစကားများကိုမောင်မြဂရုတစိုက်နားထောင်မှတ်သားနေလေရဲ့။

"မိမိနှစ်သက်တဲ့အသက်မွေးဝမ်းကျောင်းပညာရပ်ကို တက်မြောက်အောင် သင်ကြားရတယ်။ အကျင့်စာရိတ္တကိုတန်ဖိုးထား မြှင့်တင် တတ်ရမယ်။ စိတ်ထားကောင်းမြတ်သူ၊ လူ့အသိုင်းအဝန်းအကျိုးကို ကူညီတတ်သူဆိုရင် ပတ်ဝန်းကျင်က ချစ်ခင်ကြတယ်။ ချစ်ခြင်းမေတ္တာ အစွမ်းကြောင့်လူတစ်ယောက်ရဲ့မျက်နှာမှလည်း အရောင်ဝင်းလက်လာမယ်။ အတိတ်ကကံအစွမ်းကြောင့်ရုပ်ဆိုးအကျည်းတန်ရတာမဟုတ်လား၊ ဒါကြောင့် ကောင်းမွန်းပြီးပြည့်စုံတဲ့ ကုသိုလ်ကောင်းမှုတွေကို အစဉ်သဖြင့်ပြုလုပ်ဆောင်ရွက်နေရမယ် "

ဘဝရဲ့အနှစ်သာရကို မောင်မြတစ်ယောက်အတော်လေးသဘောပေါက်နားလည်သွားတယ်။

"အဖေပြောတာ ဟုတ်တယ်ဗျာ၊ ဒီနေ့ကစပြီးသားစိတ်ဓာတ်မကျတော့ဘူး၊ ရဲရဲဝံ့ဝံ့ ကြိုးစားရင်ဆိုင်သွားပါ့မယ် "

မောင်မြဟာ အားသစ်၊ အင်သစ်တွေရသွားတယ်၊ ကောင်းမှုမှန်သမျှကို စွမ်းစွမ်းတမံဆောင်ရွက်တယ်။

❖❖❖

အိမ်နီးချင်းအဘိုးတို့ ဖနီးမောင်နံ့အတွက် စမ်းချောင်းထဲကနေ သောက်ရေရော ချိုးရေရော ခပ်သယ်လာတယ်။

" နောက်နေ့ ရေကုန်သွားတာနဲ့ ကျုပ်အိမ်ဘက်ကို လှမ်းအော်ပြောလိုက်ပါဗျာ "

"ကျေးဇူးတင်ပါကွယ်။ အဘိုးတို့လင်မယားမှာသား၊ သမီးမထွန်းကားတော့ အခက်တွေ့နေတာ။ အိမ်မှုကိစ္စ အလုပ်တွေကို ငယ်ငယ်တုန်းကလိုကိုယ့်ဘာသာကိုယ် မလုပ်နိုင်ကြဘူး "

အိမ်နီးနားချင်းတွေရဲ့အခက်အခဲတွေကို မောင်

မြက ကူညီဖြေရှင်းပေးတာကြောင့် လူချစ်၊ လူခင် ဖြည်းဖြည်းများလာတယ်။ လူတွေကို အကူအညီ ပေးရတာ သူပျော်ရွှင်လာတယ်။ စာပေဖတ်ရှုရ တာကို တစ်နေ့ထက်တစ်နေ့ စိတ်ဝင်စားလာ တယ်။

"သားလေး ပြန်လာပြီလားကွယ့်၊ ကျောင်းမှာ စာသင်ရတာ အဆင်ပြေရဲ့လား။"

"ဟုတ်ကဲ့ပါ အမေ။"

"အေးကွယ်. . . အိမ်ရှေ့မှာ စာကလေးတွေ လာနေတယ်။ စပါးစေ့လေးတွေသွား ကျွေးလိုက် ပါဦး။ အော် . . . သောက်ရေခွက်ပါ တစ်ခါတည်း ယူသွားကွယ် "

ငှက်ကလေးများကို အစာကျွေးပြီးနောက် စိုက်ခင်းများကိုရေလောင်းဖို့ မောင်မြထွက်သွား တယ်။

"အမေနဲ့အဖေ...သား စိုက်ခင်းထဲသွားလိုက် ဦးမယ်ဗျာ "

ဒီလိုနဲ့ နှစ်တွေကြာလာပြီးနောက် မောင်မြဟာ သူဝါသနာပါရာ ကျောင်းဆရာ လူငယ်လေးတစ် ဦးအဖြစ် ယုံကြည်မှုရှိရှိ ရပ်တည်လာနိုင်တယ်။ ဟိုဘက်ရွာက မောင်လှဆိုတဲ့ လူငယ်လေးက တော့ မိဘပိုက်ဆံကို သုံးဖြုန်းကာ လောင်းက စားသမားတစ်ယောက်ဖြစ်သွားတယ်။

"ဆရာ မောင်မြ ဘယ်သွားမလို့လဲ၊ နေကောင်း ရဲ့လား "

"နေကောင်းပါတယ်ခင်ဗျာ။ ဟိုဘက်ရွာကို သွားမလို့ဗျို့။ အလှူ ဖိတ်ထားတယ်လေ "

"ကျုပ်သားက အခုဆို စာရေး၊ စာဖတ်အလုပ် ကို အရင်ကထက် စိတ်ပါဝင်စားနေပြီ။ ရွာထဲက မူလတန်း ကျောင်းလေးကလည်း ဆရာမောင်မြ ကျေးဇူးကြောင့် ဖြစ်လာတာပါဗျ။ ရွာက ကလေး အားလုံးအနာဂါတ်ကာလမှာ ပိုပြီး အရောင်တောက် လာမှာပါ "

"ရွာကလူတွေ ပူးပေါင်းကူညီလို့ပါဗျာ၊ စကား ကောင်းနေလိုက်တာ၊ သွားစရာရှိလို့ ခွင့်ပြုပါဦး "

အလှူပွဲမှာ သူ့အတွက် အံ့အားသင့်စရာတွေ အများကြီးဖြစ်ခဲ့တယ်။

"ဒီစာအိတ်ထဲမှာ မိချမ်းရဲ့ သဘောထားကို ရေးထားတယ် "

စာအိတ်ကို မောင်မြကဗျာကယာ ဖွင့်ဖတ် လိုက်တယ်။ တစ်ဖက်သတ်ချစ်ခင်မြတ်နိုးရသူ လှ ပျိုဖြူ မိန်းမချောလေးထံမှ ချစ်အဖြေကို အမှတ် မထင် ရသွားတယ်။

ကိုလှလို သူဌေးသား လူချောကိုပဲ ရွေးချယ် မယ်ထင်ထားတာ။ ကိုမြ ဝမ်းသာလိုက်တာကွယ်။ မိချမ်းကို တစ်ဘဝစာအတွက် သစ္စာရှိရှိလက်တွဲ ထားပါ့မယ် "

"စိတ်ရင်းကောင်းပြီး အသိဉာဏ်ပညာကြွယ် ဝသူကိုပဲ ခင်ပွန်းလောင်းအဖြစ်ရွေးမှာပေါ့ ကိုမြရဲ့

"မိချမ်း မျက်လုံးအစုံမှာ မောင်မြမျက်နှာဟာ ကြည်လင် ရှင်းသန့်နေသယောင် ပုံရိပ်ထင်နေ တယ်တဲ့။

သားသားမှတ်ထားရမယ်။ စိတ်ထားကောင်းရ မယ်၊ ပညာဗဟုသုတနဲ့ ပြည့်စုံရမယ် နော်၊ မျက် လုံးလေးကို မှိတ်ထား၊ ကဲ အိပ်တော့ကွယ် "

"ဟုတ်ကဲ့ပါ မေမေ "

ဖီဖီ(ဆေးဝါးတက္ကသိုလ်)

မိတ်ဆွေကောင်း



လင်းသက်ခိုင်

ရှေးရှေးတုန်းက ဗာရဏသီပြည်မှာ သူဌေးကြီးတစ်ဦးရှိသတဲ့ကွယ်။ တစ်နေ့တော့ သူဌေးကြီးဟာ ရောဂါဝေဒနာတွေ အပြင်းအထန်ခံစားရပြီးသေဖို့အချိန်နီးကပ်လာနေတာပေါ့။ သူ့မှာအရွယ်ငယ်သေးတဲ့ သားနှစ်ယောက် ရှိသတဲ့ကွယ်. . .။

သားငယ်နှစ်ယောက်ဟာအရွယ်ငယ်သေးတာမို့ ဖခင်သူဌေးကြီး ရောဂါနဲ့သေမှာကို မသိကြဘဲ။ ကလေးသဘာဝအတိုင်း ကစားရင်းစားရင်းသာ ပျော်နေကြတာပေါ့ကွယ်။

ထိုအရာကို ဖခင်သဌေးကြီး မြင်တဲ့အခါ စိုးရိမ်စိတ်တွေ ဝင်လာပြီး ပူပန်တဲ့အတွေးတွေလည်း ခေါင်းထဲ ဝင်လာတော့တာပေါ့။

“ငါ့မှာ ရှာဖွေခဲ့တဲ့ စည်းစိမ်ဥစ္စာ ရွှေငွေရတနာတွေ အများကြီးရှိတယ်။ သားသမီးဆိုလို့လည်း ငါ့မှာ ဒီသားနှစ်ယောက်ပဲရှိတယ်။ သားတွေကလည်း အရွယ်မရောက်သေးဘူး။ ဒီ့အပြင် ငါသေခဲ့ရင် သူတို့ရမယ့် အမွေတွေကို သူတို့ဘယ်လိုမှ ထိန်းသိမ်းနိုင်မှာမဟုတ်။ သူတို့ ပစ္စည်းတွေကို ကူညီစောင့်ရှောက်မယ့် မိတ်ကောင်း ဆွေကောင်း လိုတယ်။ ငါ့မှာလည်း ကြာကြာနေရတော့

မှာမဟုတ်” ဆိုပြီး ပူပန်စိတ်နဲ့ ရောဂါတွေပိုဆိုးလာသတဲ့ကွယ်။

သူဌေးကြီးလည်း ရောဂါဖိစီးပြီး သေငယ်ဇောနှင့် မြောရာမှ နောက်ဆုံးတစ်ကြိမ် သတိပြန်ရလာလေသည်။ ထိုအခါ အနားမှ အိမ်တော်ထိန်းအားခေါ်၍ “ငါမနေရတော့ဘူးထင်တယ်။ ငါသေခဲ့ရင် ငါ့သားနှစ်ယောက်လုံး ငါ့စည်းစိမ်တွေကို စနစ်တကျသုံးစွဲနိုင်စေရန် ငါ့အစီအမံတစ်ခု လုပ်လိုတယ်။ ငါ့ဆီကို ဗရာဏသီပြည်မှ ပညာရှိအမတ်တစ်ဦး ခေါ်ပေးပါဦး” လို့ ဆိုသတဲ့။

ဒီလိုနဲ့ သူဌေးကြီးဆီကို ပညာရှိအမတ်ရောက်လာသတဲ့၊ ဒီတော့သူဌေးကြီးကလည်း သူ့သားနှစ်ယောက်ကို ပညာရှိအမတ်ကြီးထံ အပ်သတဲ့ကွယ်။

“အိုပညာရှိအမတ်မင်း ကျွန်ုပ်သေခဲ့ရင် ကျန်ရစ်မည့် မြောက်မြားစွာသော ရွှေငွေဥစ္စာတို့ကို သားနှစ်ယောက် မသုံးတတ်ဘဲ ဆုံးရှုံးသွားမည်ကို စိုးရိမ်မိပါတယ်၊ ဒါကြောင့်မို့ သူတို့အရွယ်မရောက်မီမှာ အမတ်မင်းက ထိန်းသိမ်းထားပြီး သူတို့အရွယ်ရောက်လာရင်တော့ သင့်သလိုပညာရှိအမတ်မင်းကခွဲဝေပေးစေလိုပါတယ်”ဟုဆိုကာ သူဌေးကြီးသည် ပညာရှိအမတ်ရှေ့တွင်ပင် ကွယ်လွန်သွားလေတော့သည်။

ပညာရှိအမတ်မင်းလည်း သူဌေးကြီးရဲ့ စည်းစိမ်ဥစ္စာတွေကို ထိန်းသိမ်းရင်းမှ သားနှစ်ယောက်အရွယ်ရောက်လာသောအခါ သူ့ဆီခေါ်၍ ပြောကြားလေတယ်။

“သူငယ်တို့ သင်တို့ဖခင် မှာခဲ့သည့် အတိုင်း သင်တို့ အရွယ်ရောက်လာသောအခါ အမွေခွဲဝေပေးရပါမည်။ ဟု ကျွန်ုပ်သင်တို့အား ခွဲဝေပေးပါမယ်။ သို့သော် သင်တို့အားကျွန်ုပ်အစီအမံတစ်ခုပေးအပ်ပါမည်။ သင်တို့၏အမွေဥစ္စာ ရှိရင်းထဲက မယုတ်လျော့ပဲ တိုးပွားလာနိုင်စေမယ့် မိတ်ဆွေကောင်းကိုရှာဖွေရမယ်ထိုမိတ်ဆွေကောင်းရခဲ့ပြီဆိုလျှင်ငွေများအားအပြီးတိုင် ကျွန်ုပ်ခွဲဝေပေးပါမည်။ သင်တို့ဖခင်ပြောခဲ့သလို မိတ်ဆွေကောင်းကိုသာ တွေ့အောင်ရှာခဲ့ပါ ”

သူဌေးသားတို့လည်း အမတ်ကြီးစကားအား သေချာနားလည်အောင် စဉ်းစားလေသည် ထို့နောက် သူဌေးသားတို့သည် မိတ်ဆွေကောင်းရှာရန် သူတို့ဆောင်ရွက်လေသည်။ သူတို့နှစ်ယောက်သည် တွေ့သမျှလူများအား အရက်သေစာတိုက်၍လည်းကောင်း၊ အပျော်အပါးကြိုက်သူအားအပျော်အပါးပေး၍လည်းကောင်း၊ ငွေကြေးလိုလားသူအား ငွေကြေးပေး၍လည်းကောင်း နည်းမျိုးစုံဖြင့် ငွေကုန်ခံကာ မိတ်ဆွေကောင်းရှာလေသည်။

သို့ရာတွင်မိတ်ဆွေကောင်းကားရှာမတွေ့ သူတို့တွေ့သမျှ လူများကလည်း သူတို့ညီအစ်ကိုနှစ်ယောက် ပေးကမ်းသည်ကိုယူ၊ ကျွေးမွေးသည်ကို စားသောက်၍ ရှောင်ဖယ်သွားကြလေသည်။ နောက်ဆုံး ပညာရှိအမတ်မင်းပေးလိုက်သော ငွေစလည်း ကုန်ဆုံးတော့သည်။

ထို့နောက် ရှိသမျှငွေကုန်သောအခါ အမတ်ကြီးထံပြန်လာ၍မိတ်ဆွေကောင်းကိုရှာဖွေ၍ မတွေ့သေးပါ။ ဒါပေမဲ့ ရသင့်သောအမွေဥစ္စာကိုသာ ခွဲပေးပါဟု တောင်းဆိုလေသည်။ ထိုအခါ အမတ်ကြီးက ငါ၏အစီအမံတွင် သင်တို့ မိတ်

ဆွေကောင်း ရှာတွေ့သည့်နေ့မှအမွေခွဲဝေပေးရမည်ဟုဆိုထားပါတယ်၊ ဒါကြောင့် ခုနေမှာ အမွေခွဲမပေးနိုင်သေးပါဟု ငြင်းလေသည်။

သူဌေးသားနှစ်ယောက်ကလည်း လက်ရှိငွေသားများကုန်ဆုံး၍ရသင့်သောအမွေလည်းမရသောကြောင့် အတိဒုက္ခရောက်ရလေသည်။

ထိုအခါမှာတော့ စိတ်လက်မြန်သောအစ်ကိုဖြစ်သူက ညီငယ်အား၊ "ညီငယ် အမတ်ကြီးသည် ငါတို့အားလိမ်ညာ၍ အဖေ့ပစ္စည်းဥစ္စာတွေကို ယူငင်ထားလေပြီ၊ ဒါကြောင့် ဒီအမတ်ကိုသတ်၍ လက်စားခြေကာ ငါတို့အမွေတွေပြန်ယူမယ်" ဟု ဆိုသည်။

ညီငယ်ကမူ သေခြာစွာစဉ်းစားတတ်သဖြင့် အစ်ကိုအားပြော၏။

"အစ်ကို ပညာရှိဟူသည် ကတိတည်တတ်ပါသည်။ ကျွန်တော်တို့ဟာပညာရှိကို ကတိပေးပြီး၊ ကတိအတိုင်း မိတ်ဆွေကောင်းကို မရှာနိုင်တာမဟုတ်လား၊ ဒီတော့ မိတ်ဆွေကောင်းကို တစ်ခါရှာကြပါဦးစို့ " ဟု ဆိုသော်လည်း အစ်ကိုက လက်မခံဘဲ၊ အမတ်ကြီး အိမ်သို့ ညဘက်ဝင်ရောက်လုပ်ကြံရာ အစောင့်များ ဖမ်းမိသဖြင့် အသက်ခံရကာ အသက်ဆုံးရှုံးရလေသည်။

ထိုအရာကိုမြင်၍ ညီငယ်လည်း သင်ခန်းစာယူရင်း ဆင်းရဲနွမ်းပါးသော ဘဝကို ဖြည့်ဆည်းရန်၊ ဆာလောင်သောဝမ်းကို ဖြည့်ရန်ဝမ်းစာရှာရမည်ဟုစဉ်းစားမိလေသည်။

ထို့ကြောင့်တစ်ခါက မိမိတို့ ပေးကမ်းစွန့်ကြဲဘူးသူတို့ထံ မိမိဝမ်းစာအတွက် သွားရောက်ချေးငှားသော်လည်း မရသည့်အပြင် သူတောင်းစားပမာအပြောခံ အလှောင်ခံရလေသည်။ ညီငယ်လည်း ထိုအခါမှ သူများထံ အသနားခံမည့်အစားတခြားသူတို့ အဘယ်ကဲသို့ ဝမ်းစာရှာကြသည်ကိုလေ့လာလေသည်။

သေချာလေ့လာကြည်သောအခါမှ လူတို့သည် ဝမ်းစာအတွက် မင်းမှုထမ်းခြင်း၊ လယ်ထွန်ခြင်း၊ ကုန်သွယ်ကူးခြင်း၊ စာရေးစာချီလုပ်ခြင်း၊ ပန်းထိမ် ပန်းဘဲလုပ်ခြင်းဖြင့် အသက်မွေးကြသည်ကို တွေ့ရှိကာ သူလည်း ပန်းထိမ်ဆရာထံသွား၍ တပည့်ခံလေသည်။ သို့နှင့် ပန်းထိမ်ပညာကို တတ်မြောက်၍ မိမိဝမ်းစာ မိမိရှာလာနိုင်သောအခါ မိမိ၏ အကျိုးစီးပွားကို မယုတ်လျော့အောင်လုပ်ပေးနိုင်သည့် မိတ်ဆွေကောင်းဆိုသည်မှာအတတ်ပညာသာလျှင်ဖြစ်ပါလားဟု တွေ့ရှိသွားလေတော့သည်။

ထိုအခါမှ ပညာရှိအမတ်ကြီးထံသွား၍ "မိမိအဖို့မိတ်ဆွေကောင်းကိုတွေ့ခဲ့ပါပြီ၊ ယင်းမိတ်ဆွေသည် အတတ်ပညာသာလျှင် ဖြစ်ပါသည် " ဟု ပြောရာ ပညာရှိအမတ်ကြီးကလည်း ဝမ်းသာအားရဖြစ်ကာ . . " သင်ကား သင့်ဖခင်၏ အမွေကို မယုတ်လျော့အောင် သုံးမည့်သူ ဖြစ်လေတယ်" ဟုဆိုကာ ဝမ်းသာသဖြင့် ကတိအတိုင်း အမွေ အားလုံးကို ပေးအပ်လေသည်။

လင်းသက်ခိုင်

အောင်မိုးမြင့်/ဖ
CARTOONIST.
ဘုရင်ကြီး နှင့်
ငှက်ကလေး ဟမ်ဆူကာ
<အိန္ဒိယ ပုံပြင်>
တစ်ခါတုန်းက အဇ္ဈမြို့တော်ကြီးကို အုပ်ချုပ် စိုးစံတဲ့ ဘုရင်ကြီးမှာ.. သားတော် သုံးပါး ရှိတယ်ကွယ့်..။
သားတော် သုံးပါးဟာ ပညာတတ်ပြီး တော်ကြ.. လိမ္မာကြ.. ပါးနပ်ကြတယ်..။


တစ်နေ့.. ဘုရင်ကြီးဟာ သားတော်တွေကို စမ်းသပ် စစ်ဆေးဖို့ ခေါ်လိုက်တယ်...
ကဲ.. သားတော်ကြီးကိုမေးမယ် လူတစ်ယောက်ကို ဂုဏ်နဲ့ အသက်ကို ယှဉ်ကြည့်ပုံ အပ်ခဲ့တယ်.. ဒါပေမဲ့ ...
အဲဒီလူက သစ္စာမရှိဘူး.. ဒါဆို သူ့ကို ဘယ်လို အပြစ်ပေးသင့်လဲ...
ချက် ချင်း ခေါင်းဖြတ် အပြစ် ပေးသင့်ပါတယ် ဖဘုရား..

သားတော်အလတ်ကလည်း,,,,
အဲဒီလို အပြစ်ပေးတာကို သားတော်လည်း သဘော တူပါတယ်,, သနားငဲ့ညှာဖို့ မလိုပါ ဖဘုရား,,,
တတိယ သားတော်ငယ်က,, ဘာမှ မပြောဘဲ ရေငုံ နှုတ်ပိတ်နေတယ်,,,
သားတော်ငယ် ကရော ဘယ်လို သဘောရလဲ,,,
ခမည်းတော်ဘုရား.. ဒီလိုအပြစ်မျိုး အပြစ်ပေးသင့်တာမှန်ပါတယ် ဘုရား,,, ဒါပေမဲ့ လူတစ်ယောက်ကို သေဒဏ် မပေးခင်မှာ,,,
အပြစ် ကျူးလွန်ခဲ့တာ ထင်ရှားကြောင်း စစ်ဆေးပြီး ရှင်းရှင်းလင်းလင်းသိမှ ဆုံးဖြတ် သင့်ပါတယ် ဘုရား,,,

ဒါဖြင့် အပြစ်မရှိတဲ့ လူကို မှားယွင်း သေဒဏ်ပေးမိ သွားမယ်လို့ ယူဆမိတယ်ပေါ့! သားတော်ငယ်။
မှန်လှပါ.. ဥပမာအနေနဲ့ ဇာတ်လမ်း တစ်ပုဒ်ကို လျှောက် တင်ပါရစေ.. ဘုရား။
လျှောက် တင်စေ။
တစ်ခါတုန်းက.. ဝိဒါဘာမြို့တော်ကို အုပ်ချုပ်တဲ့ ဘုရင်ကြီးဆီမှာ.. ထူးခြားအံ့ဖွယ် ကောင်းတဲ့ ကြက်တူရွေးငှက်လေး ပာလ်ဆူကာ ဆိုတာရှိတယ်။
ပာလ်ဆူကာဟာ.. လိမ္မာပါးနပ်ပြီး ဘာသာ စကားမျိုးစုံကိုလည်းတတ်တယ်၊ ဉာဏ်ပညာ ရှိလို့ ဘုရင်ကြီးက ပြဿနာနဲ့ ကြုံလာရင် သူ့ဆီက အကြံဉာဏ် တောင်းရလေ့ရှိတယ်။


ဟာဖ်ဆူကာကို လှောင်အိမ်ထဲ မထားဘဲ.. သူနှစ်သက်ရာ လွတ်လပ်စွာ ပျံသန်းခွင့် ပေးထားတယ်။
ဟာစ်မနာကာ.. နန်းတော်အပြင် ပျံသန်းရင်း တောစပ်ရောက်တော့.. သူ့အဖေ ကြက်တူရွေးကြီးနဲ့ ဆုံတယ်။
သားနဲ့တွေ့ရတာ အဖေဝမ်းသာတယ် မင်းအမေလည်း.. မင်းကိုလွမ်းနေတာ အဖေတို့ အသိုက်အမြုံမှာ ရောက် အနည်းငယ်လိုက်နေပါလား။
အသိုက်အမြုံကို လိုက်ချင်ပါတယ် ဒါပေမဲ့ ဘုရင်ကြီးဆီမှာ ခွင့်ပန်ရဦးမယ် အဖေ။


ဟာမ်ဆူကာ ဟာ နန်းတော်ထဲပြန်.. ဘုရင်ကြီးနဲ့တွေ့ပြီး မိဘရပ်ထံ ပြန်လည်ခွင့်တောင်းတော့။
ဘုရင်ကြီးဟာ.. ဟာမ်ဆူကာကို နှစ်သက်မြတ်နိုးတော့ ပေးမသွားချင်ဘူး.. ဒါပေမဲ့ နောက်ဆုံး သွားခွင့်ပြုလိုက်တယ်။
ဆယ့်ငါးရက်အတွင်း အရောက် ပြန်ခဲ့ရမယ် ဟာမ်ဆူကာ။
မှန်ပါ့ဘုရား..
ဟာမ်ဆူကာ လည်း ဖခင်နဲ့ တောက သူတို့ အသိုက်အမြုံကို ပြန်လာ ပြီး မိသားစု ပျော်ရွှင်စွာနေခဲ့တယ်..


နှစ်ပါတ်လောက်ကြာတော့ မိဘနှစ်ပါးကို နှုတ်ဆက်ပြီး နန်းတော်ပြန်ဖို့ ပြင်တော့...
သားရဲ့ ဘုရင်ကြီးကို အဖေ လက်ဆောင် ပေးလိုက်ချင်တယ်..
ဟဒိုးတောင်ကျွန်းထက်မှာ.. ပေါက်နေတဲ့.. သစ်ပင်ကြီးမှာသီးတဲ့ အသီးဟာထူးဆန်းတယ်ကွယ့်.. အဲ့ဒီ အသီးကို စားရင်..
အမြဲတမ်း နုပျိုလန်းဆန်းပြီး ဘယ်တော့မှ မသေတဲ့ အသီးပဲ အဖေ သွားခူးခဲ့မယ်.. ဘုရင်ကိုဆက်သပေးပါ..
ဟုတ်ကဲ့ အဖေ...
ဟာမ်ဆုကာလည်း သူ့ဖခင် ခူးပေးလိုက်တဲ့ မသေမအိုသီးကို ယူပြီး နန်းတော်ပြန်ခဲ့တယ်...
အင်း... နေဝင်မိုးချုပ်တော့မယ် လမ်းခုလတ် သစ်ပင်ပေါ်မှာပဲ ညအိပ်နားမှ...


သစ်ပင်ကြီး တစ်ပင်ပေါ်ရောက်တော့.. တန်ဖိုးရှိတဲ့ သစ်သီးကိုစိတ်မချလို့ သစ်ပင်ကြီးရဲ့ အခေါင်းပေါက်ထဲ ထည့်ဝှက်ထားလိုက်တယ်,,,
ဖြစ်ချင်တော့.. သစ်ခေါင်းထဲမှာ နေတဲ့ မြွေတစ်ကောင်က .. သစ်သီးကိုတွေ့တော့ အစာအမှတ်နဲ့ ကိုက်လိုက်တယ်,,,
သစ်သီးထဲ မြွေအဆိပ်တွေ ဝင်သွားတယ်..မြွေက သစ်သီးရဲ့ အရသာကို မကြိုက်လို့ ဒီအတိုင်း ထားလိုက်တယ်,,,
မနက်ဖိုးသောက် အလင်းရောက်တော့ မြွေက အစာရှာထွက်သွားချိန်မှာ..ဟင်္သာက နိုးတော့,, သစ်ခေါင်းထဲက သစ်သီးကိုယူပြီး နန်းတော်ဆီ ခရီးဆက်တယ်,,,

နန်းတွင်းရောက်တော့ မသေတဲ့ သစ်သီးလို့ ပြောပြီး ဘုရင်ကြီးကို ဆက်သလိုက်တယ်
အို... ... တန်ဖိုးရှိတဲ့ အသီးပဲ ရွှေရောင်အဆင်းနဲ့ မွှေးပါဘိ...
အင်း.. မစားခင် စမ်းသပ်ရမယ်.. သစ်သီးအနည်းငယ်လှီးဖြတ်ပြီး ပြတင်းပေါက်ဝနားနေတဲ့ ကျီးကန်းကို ကျွေးကြည့်မယ်.. သူမသေမှ စားမယ်...
ကျီးကန်းဟာ.. သစ်သီးစိပ်ကို.. စားပြီး နေရာတင်မှာ ချက်ချင်းသေ သေသွားတယ်...
ဘုံး...
ဟာ ဒါ.. ဒါ.. အဆိပ်သီးပဲ.. အရှင်မင်းကြီး..
ဘုရင်ကြီးဟာ.. ဟာမ်ဆူကာကို အရမ်း စိတ်ဆိုးပြီး ဓားနဲ့ ခုတ်သတ်လိုက်တယ်..


မင်းချင်းတို့.. ဒီအဆိပ်သီးကို မြို့ပြင်ထုတ်.. တွင်းတူး မြှုပ်နှံစေ..
မှန်လှပါ မင်းကြီး...
သစ်သီးဟာ လပိုင်းမကြာခင် အညှောင့်ပေါက်.. အပင် ကြီးပြီး အသီးသီးလာတော့...
မရဏ အပင်
မညှိသူ မှု အနားမကာ
စားရမဲ့.. သောက်ရမဲ့.. အဘိုး.. အဘွား ဇနီးမောင်နှံဟာ.. အဆိပ်သီးကို ခူးစားတယ်...
တော်နေတဲ့ ဘဝ မထူးပါဘူး.. အဆိပ်သီးစားပြီး သေကြတာကောင်းပါတယ် ရှင်မ...
ဇနီးမောင်နှံ သစ်သီးစားပြီး နောက်တစ်နေ့ မနက်မှာ အိပ်ရာထတော့ အံ့ဩစွာလန်းနေတဲ့အပြင် အင်အားပြည့်ပြီး နုပျိုသွားတာကို ခံစားရတယ်...

ဒီသတင်းကို တစ်ဆင့်စကား တစ်ဆင့်ကြားနဲ့... ဘုရင်ကြီးသိတော့.. အဘိုးအိုဇနီးမောင်နှံဆီ သွားတွေ့တယ်.. နုပျိုလန်းဆန်း နေကြတာ မြင်ရတယ်...
အင်း.. ငါ့ အချစ်တော်ငှက်ကလေး ဟာမ်ခရူကာကို.. မစူးမစမ်း အလျင်စလို သတ်မိတာ မှားပြီ...
မှူးကြီး.. မတ်ကြီးတို့ နောင်အခါ အပြစ်ရှိတယ်လို့ သံသယဖြစ်သူကို...
စူးစမ်း စစ်ဆေးပြီးမှ အပြစ် တကယ်ရှိရင် ထိုက်တန်တဲ့အပြစ်ဒဏ် ပေးမှ ဖြစ်မယ် မောင်မင်းတို့...
မှန်လှပါ အရှင်မင်းကြီး...

ဒါကြောင့်..အပြစ်ရှိတယ်လို့
စွပ်စွဲခံရတဲ့သူမှာ အမှန်တကယ်
အပြစ် ရှိ- မရှိ ကို...

အသေအချာ စစ်ဆေးပြီးမှသာ
အပြစ်ပေးသင့်ကြောင်း လျှောက်ထား
အပ်ပါတယ်..ဖဘုရား...

တတိယ သားတော်ငယ် လျှောက်ထား
ချက်ကို ဘုရင်မင်း ကျေနပ်အားရတာမို့..
နောင်အခါ အုတ်မြို့ကို အုပ်ချုပ်ဖို့ =
အိမ်ရှေ့စံ ရာထူး အပ်နှင်းလိုက်တယ်...
ပြီး

အဘွားအိုကြံ

မိုးဖြူ (အောင်ပင်လယ်)

အခု ကလေးတို့ကို ပြောပြမယ့် အဖြစ်အပျက်ကလေးကတော့ တရုတ်ပြည်ကြီးမှာ ကေရာဇ်ဘုရင်ကြီး ချီရန်လန်းဟာ ၁၈ ရာစုအကုန်ပိုင်းမှာ အုပ်ချုပ်ခဲ့တာဖြစ်ပြီး၊ သူအုပ်ချုပ်စဉ်ကာလရဲ့နောက်ဆုံးနှစ်တွေမှာ ဒီအဖြစ်အပျက်လေး ဖြစ်ပျက်ခဲ့ပါတယ်။

ဂျန်ချူးဆိုတဲ့ ဒေသက လူတွေဟာ လုပ်ငန်းမျိုးစုံလုပ်ကိုင်ပြီး အသက်မွေးကြရှာပါတယ်။ ပြီးတော့ သူတို့ဟာ သူတစ်ပါးရဲ့အသက်ကို သတ်ဖြတ်ပြီး လုပ်ရတဲ့အလုပ်မျိုးကိုလည်း သိပ်ပြီး သဘောကျတယ်ကွယ့်။ ယောက်ျားမုန်ရင် ကလေးအရွယ်ယောက်ျားလေးတွေက ရက်စက်တတ်ကြတယ်။ ပြောရမယ်ဆိုရင်တော့ အဲဒီက ရွာသားတွေဟာ ကလေး၊ လူကြီး၊ ယောက်ျား၊ မိန်းမ မရွေး ရက်စက်တတ်ကြသတဲ့။

ဒါပေမဲ့သူတို့ဆီမှာမိန်းမသားကတော့ရှားပါးနေပါပြီ။ နည်းနည်းလောက်ပဲရှိပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ ယောကျ်ားတွေက ယောကျ်ားသားအချင်းချင်းပဲ သဘောကြ ချစ်ခင်ကြပြီး၊ မိန်းကလေးတွေမွေးလာရင်တော့ ရေထဲနှစ်သတ်ကြသတဲ့။ ကိုယ့်ကလေးကိုယ်သတ်တာပဲဆိုပြီး ဒီကိစ္စကိုလည်းဘယ်သူကမှအရေးတယူအပူအပင်မရှိကြပါဘူး။ နောက်တစ်ယောက်မိန်းကလေးမွေးရင်လဲနောက်တစ်ခေါက်ထပ်သတ်ကြပါလေရော။

စဉ်းစားကြည့်စမ်း ကလေးတို့ရေ . . .

သူတို့စိတ်ဓာတ်တွေက တိရစ္ဆာန်လိုပါပဲ။ အရိုင်းစိတ်တွေဝင်နေကြပြီပေါ့။ အဲဒီရွာကလူတွေက ကလေးတွေကို ခရုကောက်နည်းသင်ပေးတယ်။ အဲဒီက ခရုတွေကို သူတို့က ခြင်္သေ့လည်ဆံခရုလို့ ခေါ်သတဲ့။ အဲဒီခရုတွေက စားလို့လဲကောင်း၊ ရောင်းလို့လည်းရ ဆိုပဲကွယ့် . . .။

ကလေးတွေက ခရုတွေ၊ ဂုံးကောင်တွေ၊ ဖားတွေကို ကောက်ယူဖမ်းကြပြီး စုဆောင်းထားကြတယ်။ ကလေးပေါက်စနလေးတွေကစလို့ အဲဒီတိရစ္ဆာန်တွေကို ဓားတစ်ချောင်းနဲ့ ဘယ်လိုသတ်ရမလဲဆိုတာလဲ သိတယ်။ သူတို့အမေတွေ အဖေတွေက တိရစ္ဆာန်သတ်နေတာကိုမြင်ရရင်လည်း သူတို့ကကြည့်ပြီး သဘောကျလေ့ရှိကြတယ်။ သူတို့မိဘတွေလည်း သူတို့ကလေးတွေကို ကြည့်ပြီး ဂုဏ်ယူသဘောကျစွာနဲ့ပြုံးရယ်နေတတ်တယ်။ ဒါတင်ဘယ်ကမလဲ "ဒါမှငါ့သားကွ၊ သိပ်တော်တာပဲ" လို့ လဲချီးမွမ်းတတ်ကြသေးရဲ့။

ဒီလိုနဲ့ပဲ အဲဒီဒေသက ကလေးတွေအဖို့ တိရစ္ဆာန်တွေကို သတ်တာဖြတ်တာကို သင်ကြားရင်းနဲ့ တတ်မြောက်ကျွမ်းကျင်စွာ ကြီးပြင်းလာခဲ့ကြတော့တယ်။ တိရစ္ဆာန်တွေကို ဓားနဲ့ခုတ်သတ်တာကို အပြစ်မရှိဘူးလို့ ယူဆကြတယ်။ ဒီလိုနဲ့ အရွယ်ရောက်လို့ကြီးပြင်းလာချိန်မှာတော့ တိရစ္ဆာန်အကောင်ကြီးတွေကိုပါ သူတို့လက်နဲ့ ကိုယ်တိုင်သတ်ဖို့ လက်ရဲဇက်ရဲဖြစ်လာကြတော့တယ်။

ဒါပေမဲ့ ဂျန်ချူးမြို့သူ မြို့သားတိုင်းက တိရစ္ဆာန်တွေကို လက်ရဲဇက်ရဲ ကြင်နာသနားမှုမရှိပဲ သတ်ကြဖြတ်ကြတာတော့၊ မဟုတ်ပါဘူး။ အဘွားအိုကွန် ဆိုသူတစ်ယောက်ကတော့ စိတ်ကောင်းနှလုံးကောင်းရှိသူဖြစ်ပြီး သနားကြင်နာတတ်သူပါ။ သူက သတ်တာဖြတ်တာမျိုးကို သဘောမကျပါဘူး။ အဲဒီဒေသမှာတော့ အဘွားအိုကွန်တစ်ယောက်ပဲ တိရစ္ဆာန်တွေကို သတ်ဖြတ်ခြင်း မပြုရုံမက သူကိုယ်တိုင်ကတောင် ခြင်္သေ့လည်ဆံ ခရုလေးတွေကို အတတ်နိုင်ဆုံး ကယ်တင်ပေးရှာပါတယ်။ လမ်းမှာတွေ့တဲ့ ခရုလေးတွေဆိုရင်လည်း ကလေးတွေနဲ့ တွေ့ပြီး သတ်ကြဖြတ်မှာ စိုးရိမ်ပြီး၊ မြစ်တွေချောင်းတွေထဲကို ယူဆောင်လွှတ်ပေးလေ့ရှိပါတယ်။ ပုရွက်ဆိတ်လေးတွေ ရေထဲမြုပ်မယ့် ဘေးမြင်ရင်လည်း ကယ်တင်ပေးလေ့ရှိပါတယ်။ သူ့ရဲ့အိမ်နီးနားချင်းတွေက တော့ အဘွားအိုကွန်ကို "ဂေါက်" နေတဲ့အဘွားကြီးလို့ ခေါ်ကြပါသတဲ့။

တစ်ညမှာတော့ အဲဒီရွာက တံငါသည် တစ်ယောက်ဟာ အိပ်မက်တစ်ခုမက်ပါတယ်။ အိပ်မက်ထဲမှာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားတဲ့ အစိုးရ အရာရှိနှစ်ဦးဟာ မြစ်ကမ်းနဖူးပေါ်ကနေပြီး စာအုပ်တစ်အုပ်ကို ကိုင်လာပါတယ်။ ဒါနဲ့တံငါသည်က "အဲဒါက စာအုပ်လဲဗျ" လို့ မေးလိုက်ပါတယ်။ ဒီတော့

"ဒီစာအုပ်က ကောင်းမှုပြုသူတွေရဲ့ကောင်းမှုနဲ့ မကောင်းမှု အကုသိုလ်အလုပ်လုပ်သူတွေရဲ့မကောင်းမှုတွေကို မှတ်တမ်းတင်ထားတာ မင်းတို့ရွာသားတွေကတော့ အားလုံးသတ္တဝါတွေကိုသတ်ဖြတ်ပြီး မကောင်းမှုတွေလုပ်လို့ အကုသိုလ်ကြွေးတွေ တင်နေပြီ။ မင်းတို့ကိုတော့ ထပ်ပြီးစောင့်ကြည့်ရဦးမယ် " လို့ ပြန်ဖြေပါတယ်။

တံငါသည်ကတော့ သူ့အိပ်မက်အကြောင်းတောင် သူစဉ်းစားတဲ့ လူစားမျိုးမဟုတ်။ သူကိုယ်တိုင်က သတ္တဝါတွေကို သတ်ဖြတ်ရတာကို အကျင့်ပါပြီး အဲဒီအလုပ်အပေါ်မှာ ပျော်မွေ့နေသူမဟုတ်လား။

ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး။ သူ့အိပ်မက် မက်ပြီး ငါးရက်လောက်အကြာမှာတော့ မိုးအကြီးအကျယ်ရွာပြီး ဂျန်ချူးတစ်မြို့လုံး ရေလွှမ်းမိုးသွားပါတော့တယ်။ မြို့သူမြို့သားတွေအနေနဲ့ " ကယ်ကြပါ " လို့ တောင်တစ်ခွန်းတစ်လေမှ မဟနိုင်ပါဘူး။ အားလုံးရေနစ်သေဆုံးကုန်ကြရပါတော့တယ်။

ဒါပေမဲ့ အဘွားအို ကွန်တစ်ယောက်ကတော့ အသက်ဘေးက လွတ်မြောက်ခဲ့ပါတယ်။ သူတို့ဒေသရေမလွှမ်းမိုးခင် အရင်တစ်ရက်လောက်ကတည်းက သူ့ရဲ့အငယ်ဆုံးကလေးလေးဟာ ငှက်ဖျားရောဂါစွဲကပ်လာလို့ အဲဒီကလေးမြေးငယ်လေးကို တောင်ပေါ်က ဘုရားကျောင်းခေါ်သွားပြီး အမွှေးတိုင်များထွန်းညှိ ဆုတောင်းပါတယ်။ သူ့မြေးလေးရဲ့အသက်ကိုကယ်တင်ဖို့ဘုရားသခင်ထံ ဆုတောင်းခဲ့ပါတယ်။ ဒီလိုနဲ့ မကြာမီရက်အတွင်းမှာပဲ သူ့မြေးလေးပြန်ပြီးနေကောင်းလာလို့ အဘွားအိုကွန်လဲ အိမ်ကိုပြန်လာခဲ့ပါတယ်။ အိမ်ရောက်တော့တစ်မြို့လုံးတစ်ယောက်မှမရှိကြတော့ပါဘူး။

အဘွားအိုကွန်နဲ့ သူ့ရဲ့မြေးလေးသာ အသက် ချမ်းသာခွင့် ရပြီး ကျန် မြို့သူမြို့သားတွေမှာတော့ ရေနစ်သေဆုံးခဲ့ကြရပြီ ဖြစ်ပါတယ်။

ကလေးတို့ရေ . . .

မှတ်ထားကြဦးနော်

မကောင်းမှုပြုတဲ့ သူဟာ မကောင်းတဲ့ အကုသိုလ်ကံကြောင့် မကောင်းတဲ့ဒဏ်ကို ခံရပြီး ကောင်းမှုပြုတဲ့ သူသာကောင်းမှုကုသိုလ်ရဲ့အကျိုးကြောင့် ကောင်းကျိုးကိုခံစားကြရတာပဲ မဟုတ်ပါလားကွယ် . . .။

ဖိုးစွံ(အောင်ပင်လယ်)

ဒဂုန်တာရာ၏ ရုပ်ပုံလွှာ...
ခေါင်းချင်းကပ်ကာ တီးတိုးပြောနေကြ၏။


သို့သော် ပျက်ပြယ်ခြင်းကား မရှိ။
ဝေးဆားခြင်း သည် အားလုံး၌
တွေ့ဆုံတစ်ညွှတ်တည်း ထည်
ရှိ၏။
အစိမ်းရောင် ကတ္တီပါ ကားကြီးသည် သူ၏နောက်
က ခံ၍ ထား၏။ ကားလိပ်ကြီး၌ ဘာရုပ်ပုံ၊
တောက်တောက်စီမှ ခြယ်လှယ် ထားခြင်းမရှိ။ ပကတိ
ပြိုင်းဖြောင့်ဖြောင့် ဖြစ်၏။
ကတ္တီပါကားသည် တခြားဘာအဓိပ္ပာယ်ကိုမျှ ထူးထူး
ထွေထွေ မဖော်ပြ၊ သို့သော် မှိုင်းညို့ခြင်း တစ်ခုကို
သာ ဂုဏ်ဆွဲ ဆောင်ပြနေသည်။



သူသည် ရုပ်ရှင်ရုံးရှိ ပိတ်
ကားကြီး၏ ရှေ့ စင်မြင့် ထက်
ခုံပေါ်၌ ရပ်ကာ စကားပြော
လျက်နေသည်။
သူသည် ဗမာပထဝီမြေကြီး၌ ဗမာ့ဝါဂွမ်းဖြင့်...
ယက်လုပ်သည့် ပင်နီ ဖျင်ကြမ်းကြီးကို ဝတ်ထားရ၏။
စီးသည်မှာ ဆိုရိုးသော
ခြေထောက်ပိုး ခုံချပ်
ဖြစ်၏။
ခေါင်းမှာမူ ပေါင်းလောင်းနှင့် မပေါင်းသေးပါ၊ မျက်နှာအသွင်
အဖြူရောင်မှာ အာရှပိုင်း ဖွေသအကြောတာ၍ ကျွန်းစုများတွင်
နေထိုင်သော မွန်ဂိုလီယံအနွယ် လူမျိုးမျက်နှာနှင့်တူ၏။


သို့မှုတ် တောင်ပေါ် ချင်းတစ်ယောက် မျက်နှာနှင့် နည်းတူ၏။ တကယ့်အမှန် ကျောင်းသား လူလတ်တန်း များ၏ အကျင့်ဖြစ်သော ထမင်းဝါခြင်း၊ ယဉ်ကျေး သိမ်မွေ့ခြင်းတို့သည် သူ့တွင် လုံးဝမရှိအောင်း၊
သူသည် လက်နှစ်ဖက်ကို ဘေးကိုကားပြီး လှုပ်ကာလှုပ် ကာ စကားပြောပါ၏။ သူ၏စကားလုံးများကား ပြေ ပြစ်ခြင်းမရှိ။ ချောမွေ့ခြင်းမရှိ။ သို့သော်အတွင်း ဖြိုကား အနက်ပါ၏။
လမ်းပေါ်တွင် နေရာတကာ တွေ့မြင်နိုင်သော သာမန် ဆင်းရဲသားတစ်ဦးနှင့်သာ တူ၏။ လူထုထဲမှ သူတစ် ဦး၏ အသံပြင်ဆိုးသာ ဖြစ်၏။

ထိုအခါကား ၁၉၃၆ ခု ပထမဆုံး ကျင်းပအပ်သော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ညီလာခံကြီး ကို ရန်ကုန်မြို့ ဂျူဗလီဟော ခန်းမတွင် ဆင်ယင်သော အခါဖြစ်ပေသည်။




အောင်ဆန်း အသင်းကို
သတင်းစာများတွင် ဖတ်
ရသောအခါ သူ့ကို
ခဲ့သည်။
သူရိယ
ထိုအခါ က အောင်ဆန်းမှာ တက္ကသိုလ် သမဂ္ဂအသင်း၏ ကြေးကြော်သံ ဖြစ်သော အိုးဝေ မဂ္ဂဇင်း အယ်ဒီတာ ဖြစ်၏။ ကျွန်တော်မှာ စာပေ ဝါသနာပါသူ ဖြစ်ရာ အောင်ဆန်းကို အိုးဝေ မဂ္ဂဇင်း အယ်ဒီတာ အဖြစ် စိတ်ဝင်စားခဲ့၏။ အားကျ၏။ သူ့အကြောင်းကို သိချင်၏။ တွေ့ဖူးချင်၏။
အိုးဝေ မဂ္ဂဇင်း



တွေ့ရသောအခါ ရုပ်ကလည်း မချော ၊ စကားပြောကလည်း မပြေပြစ် ၊ သို့ဖြစ်၍ စိတ်ထဲ က မကျေနပ် ၊

ထိုအခါ ကျွန်တော့်မှာ အရွယ် နုနယ်သေး၍ စိတ်ကူးယဉ်ယဉ် ဖြင့်သာ အောင်ဆန်းကို ရုပ်ချော စေချင် ၊ စကားပြော ကောင်းစေချင် နေ၏ ။ ထို့ကြောင့် စိတ်ထဲက မကျေနပ် ။

နောက်တစ်နှစ်ခန့် ကြာသောအခါ ကျွန်တော်လည်း တက္ကသိုလ်သို့ရောက် ရှိနေသည်။
ကျွန်တော်တက္ကသိုလ်ရောက် သည့် ၁၉၃၇ – ၃၈ ခုနှစ်က ကိုအောင်ဆန်းသည် တက္ကသိုလ် သမဂ္ဂတွင် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်း သားများ သမဂ္ဂတွင်… ဥက္ကဋ္ဌ ဖြစ်၏။
ဥက္ကဋ္ဌ
ထိုအခါ ကျွန်တော်သည် ကိုအောင်ဆန်းနှင့် အသိဖြစ်လာ၏။ အသိသာဖြစ်ရုံ ဖြစ်သည် မရင်းနှီးခဲ့ပေ။


သူနှင့်ကား ရင်းနှီးမှု မဖြစ်
သူသည် ရင်းနှီးမှုရှိသော
လူစားမျိုး မဟုတ်။ နိုင်ငံ
ရေး အတူတကွ တွဲဖက်
လုပ်ကိုင်သူသာ သူနှင့်ရင်း
နှီး မည်ဖြစ်၏။
တက္ကသိုလ်တွင် နေစဉ် ကျွန်တော်သည် အခြား နိုင်ငံ
ရေးကို တစ်ဖက်သတ်မလိုက်။ စာပေကဗျာများလည်း
ရေးချင်၏။ ဂီတကိုလည်း လိုက်စား၏။
သည်လို အစုံ လုပ်ချင်သဖြင့် သူနှင့်မရင်းနှီးနိုင်
ပေ။ သူကား နိုင်ငံရေးသမားသက်သက်ဖြစ်သည်။
ကိုအောင်ဆန်းနှင့်ကျွန်တော့်ကို သခင်ဗဟိန်း က အသိဖွဲ့
ပေးခဲ့၏။ သို့သော် ကျွန်တော်သည် နိုင်ငံရေးသမား
သက်သက် မဟုတ်သဖြင့် သူ၏ အသိထက် ပို၍
ရင်းနှီးသော အဖြစ်သို့ မရောက်သွားခဲ့ပေ။

သခင်ဗဟိန်းနှင့်ကား သူငယ်ချင်းမဟုတ်။ သခင်ဗဟိန်းသည် ယခင်ကျောင်း
သင်ဖော်တွဲ့သူဖြစ်သည်။ စာပေကဗျာလင်္ကာကို နှစ်သက်ကြ၍ ဂီတကိုချစ်သည်။
ထို့ကြောင့် ကျွန်တော်နှင့် ခေတ်နှင့်ပင်
ရင်းနှီး ချစ်ခင်ကြသူ ကွန်မြူနစ်ဖြစ်
နေသည့်ဘဝအထိပင် ရင်းနှီးချစ်ခင်
ခြင်းမပျက်။
ကိုအောင်ဆန်းနှင့်ကား
သူ့ကဲ့သို့မဟုတ်။


ကျွန်တော် စာရေး ဝါသနာပါသည်ကို ကိုအောင်ဆန်း သိ၏။ သို့ရာတွင် ကျွန်တော်ရေးခဲ့သော ဒဂုန်မဂ္ဂဇင်းမှ ရတုပိုဒ်ချိုး ခံသော ကဗျာများ၊ ဝတ္ထုတို ဆောင်းပါး မသသည့် စာလေများကို သူ အကုန် ဖတ်ဖူးလိမ့်မည် မထင်။ ဂရုစိုက်၍ ဖတ်မည်ဟု မျှော်လင့်လည်း မရှိ။
သို့သော် တစ်ခါက သခင်ဗဟိန်း နှင့်အတူ သမဂ္ဂအမှုဆောင်ကော်မတီ အခန်းတွင် ပင်းယ မဂ္ဂဇင်းတွင် ပုံနှိပ်ထားသော ကျွန်တော်၏ ဆောင်းပါးတစ်ခုကိုကား... ကျွန်တော့်ရှေ့တွင် ဖတ်သည်ကို တွေ့ရဖူး၏။
ဖတ်ပြီးလျှင် ဝေဖန်ချက် ပေး၏။

ကျောင်းသားများ အဝတ်အစား ဝတ်ဆင်ရေး ပြဿနာကို သူသည် ဂန္ထလောကတွင် ပန်းတနော် ဦးသိန်းနှင့် အပြန်အလှန်ရေးသည်။




ကမ္ဘာ့လောကကြီးကို ကိုယ်တွေ့ ပညာဗဟုသုတ အမြင်တို့ကိုပေးသော ဆရာသင်ကျောင်းဖြစ်၍ ဥပမာ တစ်ချို့ ရေးထားသည်။
ကိုအောင်ဆန်းသည် ဗမာစာအရေးသုံး အလွန်ပေါက်ပေါက် ကျကျ ရေးတတ်၏။ ပါဠိကို မှန်ကန်စွာ သုံး၏။ တစ်ခါတစ်ရံ ဟာသဉာဏ်ပါ၏။
ကျောင်းသား
ပုသိမ်မြို့တွင် ကျင်းပသော ကျောင်းသားများ ညီလာခံ၌ ချီး ဥက္ကဋ္ဌ မိန့်ခွန်းတွင် ကင်းကဲ့ အဆိုတင်သောအခါ ‘ပညာရေး ပုဂ္ဂိုလ် ကျမ်းကြီး ပေတကား ၇ ပုဒ် ဖြေကြားထားသည်မှာ အကျော်ကြား ပါပေသည်။


ကျောင်းမှထွက်ပြီး တို့ဗမာအစည်းအရုံး သို့ဝင်သောအခါ ငတ်ပြတ်လာချိန်လား မပြောတတ်၊ ဒဂုန်မဂ္ဂဇင်းတွင် ရေးရန်ကြောင်း ကျွန်တော့်ကိုပြောသည်။ ကျွန်တော်လည်း ထို့ကြောင့် ပထမဆုံး လက်ရာ ကိုအောင်ဆန်း ဆောင်းပါးကို ပါခဲ့သည်။
ဒဂုန်မဂ္ဂဇင်းက ကိုအောင်ဆန်းရေးသော ဆောင်းပါးများအတွက် ငွေချီးမြှင့်၏။
သူရေးသော ဆောင်းပါးကား ‘နိုင်ငံရေး အချိုးအကွေး’ ဟူသော ဆောင်းပါး ဖြစ်သည်။ ဂျပန်နိုင်ငံကြီးက အစချီ၍ ဆိုက်ရောက် ဗမာ နိုင်ငံရေး အခြေအနေအထိ ရေး၏။ အပြောင်ကြီး။ ဟုတ်လှကောင်း၏။


သူ့နည်း ဒဂုန်တွင် ကြာကြာ မနေရ။ မကြာမီ ဂျပန်ပြည်သို့ ထွက်သွားသဖြင့်… သူ့ဆောင်းပါးများ ရပ်ကျသွား၏။
အနီးရဂနည်း ဖြိုးထားရှိန်း မတွေ့ရတော့၊ ဒဂုန်မဂ္ဂဇင်းမှာ ထိုအချိန်မှာပင်… ပိတ်ခြင်းခံရ ရှာပေသည်။

၁၉၃၈-၃၉ ခုနှစ်က သမဂ္ဂဥက္ကဋ္ဌဖြစ်သော သူသည် ဘီအေပါတန်းတွင်ရှိပြီ ပဲခူး ကျောင်းဆောင် အပေါ်ထပ်တွင်နေသည်။
သူ၏အခန်းသည် သပ်ရပ်ခြင်းကင်းမဲ့၏။ အခန်းတွင် စာအုပ်များ ပြန့်နှံ့ကျနေ၏။ စာအုပ်များသည် စားပွဲပေါ် တစ်ချို့၊ ကြမ်းပြင်ပေါ်တစ်ချို့၊ ပြန့်ကျဲကာ ရှုပ်ယှက် ခတ်ဖြစ်ပျံ့နေကြ၏။ သူသည် အခါခပ်သိမ်း စာဖတ်သူတစ်ယောက် ဖြစ်၏။


သူသည် ဒေါသကြီးသူ တစ်ဦးဖြစ်ပေ၏ ။ သူ့ကို အများက ထင်ပေ၏ ။
ကျွန်တော့်အဖို့ကား ဒေါသကြီးသည် မကြီးသည်ကို မသိ ။ သူ့တွင် စိတ်ကြိုက် မာနပါဦးတိုက်တွေ့ပါသည်ဟု ကျွန်တော် ထင်၏ ။
နှစ်ကိုကား အသေအချာ မမှတ်မိတော့ ။ သင်္ကြန်ကျော် နှစ်ရှည် အထိမ်းအမှတ်ပွဲ တစ်ခု တက္ကသိုလ်သမဂ္ဂတွင် ကျင်းပ၏ ။

ပရိသတ်ထဲက ထရပ်ဝေဖန်စကားများ ပြောကြ၏။ ထိုသို့ပြောကြသည့် အထဲတွင် စစ်ကိုင်းကျောင်းဆောင်မှ ကုလားကျောင်းသားတစ်ဦးက .... ဦးနုမှ ဟောင်းမစ္စတာရာဂျစ်ကိုဝေဖန်ရာ၌ အတော်ထိခိုက်သော အပြစ်တွေကို ဖော်ထုတ်ပြောပေသည်
ကုလားကျောင်းသားပြောသည့်စကားများ အရေးရှိသည့် မဆိုသော်ကြားမှ မှတ်မိတော့လေ။
ကိုအောင်ဆန်းသည် မစ္စတာရာဂျစ်အတွက် ဒေါသပွကာ --ထိုကုလားကို ကြိမ်းမောင်းချ ရဲရင့်ထက်မြက်သောအသုံးအနှုန်း သုံး၏။
နောက်ဆုံးကျ ကုလားအပါး တိုးချသွား၏။ တော်းက ကျောင်းသားများက ထိုင်းချဲ့ထားရမေ၏။ သူသည်ခေါ်ယ ကြောင်းဆက်ဆက်တော့နှင့်ရှာ ရှိပေသည်။

ကုလားမမှာ အဓိကရုဏ်းအကြီး ဒေါက်တာဘမော်၏ တက္ကသိုလ်ဥပဒေ
ပြင်ဆင်ရေးအဆိုကြမ်းကို သခင်က ငြင်းပယ်လိုက်သည့် ကိစ္စနှင့်
ပတ်သက်၍ ညီညွတ်အချုပ်ရှိသော ကျောင်းသားတစ်စုက မကျေ
နပ်သဖြင့် သခင်ကို အယုံအကြည်မရှိ အဆိုတင်သွင်းပါ။
xxx...
xxxx..ခခခ
ခခခခ..xx!!
xxx...
ထိုအစည်းအဝေး၌
ကိုအောင်ဆန်းသည်
ညီမြဲအတင်းကို အတော်
ပြောလိုက်လေသည်။

သည်လိုနှင့် စိတ်လိုက်မာန်ပါ ဖြေပြီးနောက် တစ်ပတ်လောက်ကြာသောအခါ... ထိုနေ့က ကိုအောင်ဆန်းက ရှုတ်ချသော စကားများကို ရုပ်သိမ်းလိုက်ကြောင်း ကြော်ငြာစာကို တက္ကသိုလ် ကျောင်းဆောင် အသင်းသို့တွင် ထွက်ပေါ်ခဲ့လာလေသည်။
တက္ကသိုလ်တွင် ကိုအောင်ဆန်းသည် ပြုံးသော မျက်နှာထားကို ထားခဲ့၏။
သူ၏မျက်နှာထားသည် သည်လိုရှိ၏။ တစ်ခါတွေ့ ရဖူးသောသူကို နောက် တစ်ခါတွေ့လျှင် မှတ်မိအောင် ချစ်စရာ ကောင်း၏။ သူ့ကိုသိသူ ကပြုံးပြသော်လည်း သူသည် တုန့်ပြန်၍ ပြုံးချင်မှ ပြုံး၏။

ဥက္ကဋ္ဌဖြစ်သဖြင့် သူ့ကိုကား ကျောင်းသားတိုင်းက သိကြ၏။ သူကလည်း အမြဲလိုလို နိုင်ငံရေးကိုသာ ပြောနေတတ်၏။ ဗမာပြည် လွတ်လပ်ရေးအတွက် စိတ်ပူရ၏။
ထို့ကြောင့် သူသည် သန်းနှင့်တွဲလျက် ရှိနေသည်။ သူစကားပြောလျှင် နိုင်ငံရေး အကြောင်းကိုသာ ပြော သည်။
သူစကားပြောနေစဉ် ဘေးရှိလူများက နားထောင်နေရသည်။ ဘေးကလူများ၏ စကားကို သူမကြား။ သူပြောချင်တာ တွေကိုသာ ဆက်ပြီး ပြောနေတတ်သည်။

တစ်ခါက ဂန်ကနိုက် ဂျုန်တို့ သိုင်းပုက်စ်အမျိုး ဝိတ်ကိုယ် ရှိသော ရှိ အိမ် သစ်အိမ်တွင် သစ်ငြိမ်းခြံ ဂျိမ်းဂါ မျှားနေထိုင်ပါက ရှိကြသည်။
ကျွန်တော့်မှာလည်း တောကလေး ရောက်ခါစ ဖြစ်သည့် ဗညိုခင်းရှိ စန္ဒရားတွင် ကျွန်တော်က ထိုင်ကာ တီးနေပါ။ လေးမှ သခင်ဇော်ဝေနှင့် တက္ကသိုလ် ကျောင်းသားအသိ က ဖိုး ပျို သီချင်း ကိုက်ဆို လျက်ရှိ၏။
ကိုအိုးဝေ၊ သခင်းမျှားကြ ကိုတ အဖြဲ့ဝင်တွင် ခေါ်နေပြီ သီချင်းသံကို တောင်တနေ သဖြင့် အတင်းတီးခိုင်းကြ၏။ စန္ဒရားမှာ အသံတွေ ပျက်နေ၏။



သူသည် သူ့တော့ချင်တာတော့ကြီး ထွက်သွားလေသည် ကျွန်တော်တို့လည်း ဆက်လက် ထိုဆိုကာ ကျင်းရတ်မိ ကြသည်။ သူကသာမှုကို ဂျဲတော်းချိုး။

သမဂ္ဂဥက္ကဋ္ဌ ကိုနုအောင် <ယံအမှတ်> ၏ လက်ထပ်ပွဲ သည် ဘီအိုင်အေ ခေတ်၌ ဖွဲ့တော်ကြီးနန်းတွင်းကျင်းပ သည်။ ၎င်း လက်ထပ်ပွဲ သည် ဘီအိုင်အေ မျိုးတွင် ပထမဦးဆုံး ဖြစ်၏။
လက်ထပ်ပွဲပြီးသော် ဖိုးခွန်းဆောင်တွင် မိတ်ဆွေများ စုရုံးကာနေကြ၏။ စန္ဒရားဆရာတစ်ဦးက တီးကာ ဖျော်ဖြေလျက်ရှိသည်။
သည်အခါတွင်း ကိုအောင်ဆန်းသည် စန္ဒရားဆရာကို ချဉ်းကပ် ကျွန်တော့်ကို ကြားထဲမှ အတင်း ဆွဲခေါ် သီချင်း တစ်ပုဒ် တီးခိုင်းမေ၏။
ယင်းသည် စန္ဒရားကို လက်ဝဲဘက်ကမ တီးတတ် လိုက်ဆိုနေ၏။ တီးသော သီချင်းမှာ 'ဂါဇူန' သီချင်းပင်ဖြစ်၏။ တေးဆိုသူမှာ လက်ခုပ်တီးကာ နောက်တစ်ပုဒ် တီးခိုင်းပြန်၏။

တစ်ခါက ဂျပန်စစ်ဗိုလ်ကြီးတစ်ဦး၏ ထမင်းစားပွဲတွင် သူပါရှိ၏။ ထမင်းစားပွဲ စမည်ပြုသောအခါ သူ့ကို စစ်ဗိုလ်နှင့် ပါတီဝင် အားလုံးက လေးစားသောအားဖြင့် ထမင်းစားခန်းကြီးထဲသို့ အရင်ဝင်စေ၏။
ဧည့်သည်များက အလေးဂရုပြု၍ သူ့အဝင်ကို စောင့်ကြည့်နေကြသည်။
သူသည် စစ်ဝတ်စုံဝတ်စားနှင့် ဝင်လာကာ ရုတ်တရက် စားပွဲထိပ် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ဆိတ်ခုန် ဗယာကြော် တစ်လုံးကို ယူစားလိုက်လေသည်။


သူ့ထမင်းစားနေစဉ် ဧည့်သည် ဝင်လာလျှင်လည်း ဗမာ့ဧည့်ဝတ်ထုံးစံအရ ထမင်းစားပါဦးဟု ခေါ်ချင်မှ ခေါ်သော ပုဂ္ဂိုလ်မျိုး ဖြစ်၏။ ဒါကြောင့် သူ့ကို မိတ်ဆွေရင်းချာများက ကြောင်သည်ဟု မှတ်ထားကြလေ၏။
သူ့တွင် သိမ်မွေ့ခြင်းမရှိ။ အပျော်အပါးကို သူမမက်မော။ သူသည် ကြမ်းတမ်းသည်။ ရိုင်းသည်။ ဆက်ဆံပေါင်းသင်းရေးတွင်ရှိသော ဧည့်ဝတ်ထုံးစံ ယဉ်ကျေးခြင်း စသည်တို့ကို သူသည် လုံးဝဂရုမစိုက်။
ကဗျာ၊ ပန်းချီ၊ ဂီတ စသော အနုပညာရပ်များကို မလိုက်စား။ သူ့ကိုယ်သူ အတင်းယဉ်ကျေးအောင် မလုပ်။ သူ့အိမ်ကို အတိုင်း သပ်ရိုင်းရိုင်း၊ မပြင်မဆင် မဖြစ်မဖြစ်ဘဲနေ၏။

သူ့တွင် နိုင်ငံရေး ဝိညာဉ်ကား ပြင်းထန်လှချေ၏။ သူသည် နိုင်ငံရေး တစ်ခုကိုသာ လုပ်သော သူ တစ်ဦး ဖြစ်ပေ၏။
သူသည် ရိုင်းပေ၏။ ကြမ်းပေ၏။ ကြောင်ပေ၏။ ကိုစွဲချိ။ သူသည် စည့်ခုန်းခေါင်မှ ဂျပ်သဘော ဂျီ ဂျုတ်ကြီး ပုကောင်း မှတ်၏။ တစ်ခု တည်းကိုသာ ပန်ကြည်ချက်နှင့် တစ်ခုတည်းကိုသာ မဲ ရပ်ပါသော နိုင်ငံရေး သမားတ်ဖြစ်၏။ ထို့ကြောင့် ကိုစွဲချိ။
၁၉၄၅ – ၄၄ ညနေ့ တွင် သူနှင့် နောက်ဆုံး တွေ့၏။ သူ သည် အနုပညာ အကြောင်းကို ပြော ပြ၏။
အနုပညာဆိုတာ ..ဂျီတာပဲ လင်းခဲ့ဟားဟာ ဇာတ္တာလည်း... အနုပညာမဲ့ ဂျင် လင်းခဲ့ယား ကြွဲချာလော...ဒီလိုပဲ တော်လှန်ရေးမှာလည်း အနုပညာဂျီတာပဲ... အနုပညာ မြောက်မှ တော်လှန်ရေးဟာလည်း...တကယ့် တော်လှန်ရေး အစစ်ပဲ....

ဆရာမ မော်အကြည့်နှင့်ဆုံစေမည် ဖြစ်စ … နက်ဖြန်ထပ်ခြင်း သုံးလေးရက်အကြာ၌ ကိုဗဟိန်း ကိုမှ ရှာရင်း ကျွန်တော်ခြင်းအားတွေ့ ရှိ။ သူသည် ဆေးခန်း၌ အဖုံး ပိတ်ထားသော စက္ကူကူးတွင် နက်တောက်ကြ …. မခေါ်ပဲ သူ့ဘာသာသူ ပြောနေ၏။
ဒီမယ်… အမှန်တော့ပြတယ် ဆိုတာ..သိပ်စဉ်းစား တွေဝေနေလို့မရဘူး… တစ်ခါတည်း..ဖြတ် ပစ်လိုက်ရတယ်…
နက်ဖြန်ပြီးအကာ ကျွန်တော်ရေးလျက်ရှိသော … ဗွဟ်ပမ်ရေးကြီးပမ်းဖွဲ့ စာအုပ်ဖွင့်ပိတ်သကဲ့သို့ အင်းလျှားလျှမ်း ကန်စောင်း၌ သူ့အိပ်ခ်ကိုကောက် သွားမိ။ ဆေးခန်းတွင်ခဲ့ရာဆောင်နေရ၏။


ယည့်နောက် သူနှင့်ကျွန်တော် မတွေ့တော့။ တွေ့ဆုံဖို့ရန် အကြောင်း မရှိဘဲ သူ့ဆီ သွားလည်ကလည်း ပေါ်ပေါ်ရွှေရွှေ လောက ဝတ် မျှော့ ဆော်သည့် လူတန်းစားမျိုးလည်းမဟုတ်။
တစ်ခါက ဗိုလ်ချုပ်ဘဝတွင် မော်တော်ကား ကြီးထဲ၌ သိုက်ချိုး ၊ ကလေးများ နှင့် တစ်မြို့ ကြီးကို မြင်လိုက်ရပါ၏။

ဝေမြဲ...သားနှင့် သမီးနှင့်ပို... ဂုဏ်သိက်တော်တော် ပေါ်လာပြီး အာရကာလို ကြောင်တော့ မည် မဟုတ်။ အကြမ်းအရိုင်း ခံ ယန် ကျေးလာတော့ သည်ဟု အောက် မေ့လိုက်ပါ၏။ ရှိမမှန်ကား မတြေးတတ်။

'ဖဆပလ' ဥက္ကဋ္ဌ အမျိုးသားခေါင်းဆောင် ဦးအောင်ဆန်း ကိုကား ကျွန်တော်မြင်သိ.. သူ၏ နိုင်ငံရေးကို ဝေဖန်ခြင်း မဟုတ်။ သူ၏ အဖြစ်သာ ကျွန်တော်သိသည့် အထိ ဖော်ပြခြင်း ဖြစ်လေသည်။
တစ်ခုတော့ ထင်သည်။ သူသည် လူထုထဲက လူတစ်ဦး ဖြစ်၍ လူထုနှင့် ဆက်စပ်နေ၍ လူထုခေါင်းဆောင် ဖြစ်လာခြင်း ဖြစ်လိမ့်မည်။
ဆရာကြီး ဒဂုန်တာရာ၏ “ရုပ်ပုံလွှာ” စာအုပ်မှ “အောင်ဆန်း သို့မဟုတ် အရိုင်း” ကို မှီငြမ်း ရေးဖွဲ့ပါသည်။
2015
Cartoonist: 09421039429